ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ–၂၀၇)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် တနလာနေ့။ Monday, 2 November 2026 ၁၂၃၀



မော်လမြိုင်မြို့၌ မွန်ပြည်နယ်လူငယ်စင်တာ ဖွင့်လှစ်

စာမျက်နှာ » ၅

အဖိုးတန်ရေချို တန်ဖိုးထားထိန်းသိမ်းကြစေလို

ဆောင်းပါး စာမျက်နှာ » ၆

တောင်ကြီးမြို့၌ တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

စာမျက်နှာ » ၈

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ပုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ ပြသထား

ရန်ကုန် နိဝင်ဘာ ၁

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ပုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင် အမွေအနှစ်များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ပြက္ခဒါများဖြင့် ပြသထားရှိရာ ရဟန်းရှင်လူပြည်သူများ၊ မျိုးဆက်သစ် လူငယ်များနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ ဖူးမြော်ကြကြောင်း သိရသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍




အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ဘီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိ ပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေတွင် ဆက်လက် တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညို အခြင့်ဆုံး အခြေအနေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

ဘန်ဘွေး သစ်တောပျိုးဥယျာဉ်နှင့် လိပ်ကယ်ဆယ်ရေးစခန်းသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

နောင်ချို နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန်ဘွေးကျေးရွာရှိ သစ်တောပျိုးဥယျာဉ်နှင့်လိပ်ကယ်ဆယ်ရေးစခန်းသို့ ယနေ့နံနက်ပိုင်းက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ သွားရောက်လေ့လာသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှု၊ နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍





အမျိုးသားအကျိုးစီးပွားကိုကာကွယ် အာဆီယံမူဘောင်အောက်တွင်လက်တွဲ

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံမူဘောင်အောက်တွင် အပြည်အပြုံးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သည့်ကာလအတွင်း နိုင်ငံရေးဖိအားများကြောင့် မြန်မာနိုင်ငံအပေါ် အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့်ပတ်သက်၍ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"အတွက် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ထားရှိကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသည့် အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်ပမှလက်ခံရရှိသည့် လူသားချင်းစာနာမှုအကူအညီများအပြင် အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်များကို အသုံးပြု၍ ပြည်သူများအတွက် ကူညီပံ့ပိုးပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး အာဆီယံမူဘောင်အောက်တွင် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏အခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ထိန်းသိမ်းနိုင်မည့်နည်းလမ်းများကို မကြာမီကျင်းပပြုလုပ်မည့် (၄၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်ထိပ်သီးအစည်းအဝေးများတွင် ပြန်လည်သုံးသပ်ဆုံးဖြတ်နိုင်ရေး ဆွေးနွေးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာအနေဖြင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့ နောက်ဆုံးလာရောက်ခဲ့ခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း လေ့လာသိရှိခဲ့မှုများကို မကြာမီကျင်းပမည့် (၄၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် တင်ပြဆောင်ရွက်သွားမည်ဖြစ်သည်။

အာဆီယံအဖွဲ့ကြီးအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့်အခွင့်အရေးများကို ပြန်လည်ဖော်ဆောင်နိုင်မည့် မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်နှင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများ ပိုမိုပေးနိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့် လွှတ်တော်များမှ ရွေးချယ်ပေးခဲ့ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထိန်းချုပ်နိုင်သည့်ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ယာယီနေရပ်စွန့်ခွာကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ၎င်းတို့နေရပ်ဒေသများတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့်ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ အာဆီယံ၏ လူသားချင်းစာနာမှုအကူအညီများကို အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် မြန်မာနိုင်ငံသို့ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစ၍ ပထမအဆင့် (အသက်ကယ်ဆယ်ရေး) နှင့် ဒုတိယအဆင့် (ဘဝရှင်သန်တည်မြဲရေး)ဟူ၍ အဆင့် ၂ ဆင့်ဖြင့် ထောက်ပံ့ကူညီပေးအပ်လျက်ရှိသည်။

အာဆီယံက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ ပေးအပ်ခဲ့သည့် တန်ဖိုးသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၄ သန်းခန့်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရန်ကုန်မြို့အခြေစိုက် အာဆီယံနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များပါဝင်သည့် အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့အား AHA Centre ၏ လူသားချင်းစာနာမှုအကူအညီဖြန့်ဝေပေးမှုများကို လက်တွေ့လေ့လာကြည့်ရှုနိုင်ရန် ခွင့်ပြုပေးခဲ့သည်။ အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ လက်တွေ့လေ့လာကြည့်ရှုမှု ၁၇ ကြိမ်၊ အဝေးရောက်လေ့လာကြည့်ရှုမှု တစ်ကြိမ် စုစုပေါင်း ၁၈ ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်၏ အချက်(၄) ဖြစ်သည့် အာဆီယံက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီပေးအပ်သည့် လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံမူဘောင်အောက်တွင် အပြည်အပြုံးပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ကြီးအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများကို ပြန်လည်ဖော်ဆောင်နိုင်မည့် မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းများဖြင့် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍသည် အာဆီယံနိုင်ငံများကြားတွင် အခိုင်အမာပြန်လည်ရပ်တည်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အသိပညာပေး (၄) မိနစ်စာ Animation Video ဖြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် **မသန်စွမ်းသူများအပေါ် လောင်ပြောင် သရော်မှုပယ်ဖျောက်စေရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် (Right Based) အမြင်ပုံ့နှံ့စေရေး အသိပညာပေး Animation Video** ဖြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဖြိုင်ပွဲဝင် Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ဖြိုင်ပွဲအကြောင်းအရာကို ပေါ်လွင်အောင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်၊ စကားပြောများကို မြန်မာဘာသာဖြင့်သာ ဖော်ပြရမည်။

(ဂ) (၄) မိနစ်စာ (Animation Video) ဖန်တီး ယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(င) https://www.moswrr.gov.mm/awareness/movie-clip?Page=1 website ရှိ အသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(စ) File Format သည် mp4/ wmv/ avi၊ အနည်းဆုံး Full HD 1920x1080 pixels ၊ RGB အရောင်သတ်မှတ်ချက်နှင့် File Size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဓာတ်လမ်းဓာတ်ကွက်နှင့်လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(ဇ) Animation Video အတွက် ခေါင်းစဉ်ပါအကြောင်းအရာနှင့်သက်ဆိုင်သည့် ဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကို လည်း ထပ်မံဖြည့်စွက် ဖော်ပြနိုင်ပါသည်။

(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ဖြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့အား ပေးပို့ရမည်။

(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(ဋ) သတ်မှတ်ရက် ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation Video ကို သင့်လျော်သည့်နေရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation Video များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ဖြိုင်ပွဲဝင် Animation Video များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ဖြိုင်ပွဲဝင်သူ၏ Animation Video Soft copy ကို Email (သို့မဟုတ်) DVD (သို့မဟုတ်) VCD ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။ ဖြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇ - ၃၄၀၄၆၀၄၊ အီးမေးလ်ပို့စာ vulnerablegroup.moswrr@gmail.com၊ vulnerablegroup.dor@gmail.com သို့ ၁၃.၁၁.၂၀၂၆ရက်နေ့၊ ညနေ(၁၆:၀၀)နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ မသန်စွမ်းသူများအားလုံးပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်း Inclusive ဖြစ်စေရေးလုပ်ငန်းတစ်ရပ်အဖြစ် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကို အခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြသောအားဖြင့် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် Animation Video ဖြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြုဖိတ်ခေါ်အပ်ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန

၁ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ဂုဝ၅၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း သတင်းထောက်များ	- ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ့
စာတည်းမှူး	- အေဝမ်းစိုး		
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁

အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းရှိ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေး အလုပ်ရုံ လည်ပတ်နိုင်ရေး၊ ရိုမက်သံရည်ကျိမ်းဖို လည်ပတ်နိုင်ရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးကို ရုံးပြည်နယ်တောင်ကြီးမြို့နယ် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စက်ရုံအစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက စက်ရုံမှ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းစီမံခန့်ခွဲမှု စနစ်ပါလမ်းညွှန်ချက်များအတိုင်း တိတိကျကျလိုက်နာ



ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ နှင့်စပ်လျဉ်း၍ စီမံကိန်းစီမံခန့်ခွဲမှု စောင့်ကြည့်ဇယားများဖြင့် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်နေရ၍ အချက်အလက်ခိုင်ခိုင်မာမာဖြင့် တိတိကျကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းများ စစ်ဆေးဆောင်ရွက်မှု၊ တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံတို့ကို ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းဆိုင်ရာများ မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထုံကျောက်နှင့်ဒိုလိုမိုက်အလုပ်ရုံတွင် စက်များ တပ်ဆင်ထားမှုနှင့် စမ်းသပ်လည်ပတ်နေမှု၊ စွန့်ပစ်အပူသုံးဓာတ်အားပေး အလုပ်ရုံတွင် ဝန်ထမ်းများနှင့် ပြည်ပကျွမ်းကျင်ပညာရှင်များပူးပေါင်း၍ စက်ပစ္စည်းများ စစ်ဆေးခြင်း၊ တပ်ဆင်ခြင်းများ ဆောင်ရွက်နေမှု၊ ရိုမက်နည်းပညာသုံး သံရည်ကျိမ်းဖိုတွင် စက်ပစ္စည်းများတပ်ဆင်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❁ ရှေဖုံးမှ

ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို မျိုးဆက်သစ် လူငယ်များအနေဖြင့် ဗုဒ္ဓသာသနာတော်၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုသိရှိနားလည်စေရန်နှင့် သာသနာတော်ကို ကြည်ညိုလေးစားသည့် စိတ်ဓာတ်များ တိုးပွားလာစေရန် ရည်ရွယ်ပြသခြင်းဖြစ်သည်။

မဟာ ပါသာဏလိုဏ်ဂူ၌ သိမ်တော်၏ သမိုင်းကြောင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ အမွေအနှစ်ပြကွက်များအဖြစ် ဘုရားလောင်းပဋိသန္ဓေယူခန်း၊ ဘုရားလောင်းဖွားတော်မူခန်း၊ ဘုရားဖြစ်



တော်မူခန်း၊ ပဥ္စဝဂ္ဂိဝါဒဦးအား ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊ ပရိနိဗ္ဗာန် စံတော်မူခန်းပြကွက်၊ အိန္ဒိယနိုင်ငံတွင် နှုတ်တက်အာဂုံရွတ်ဆို၍ တင်တော်မူခဲ့ကြသည့် သင်္ဂါယနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပထမသင်္ဂါယနာတင် ပြကွက်၊ ဒုတိယသင်္ဂါယနာတင် ပြကွက်၊ တတိယသင်္ဂါယနာတင် ပြကွက်၊ သီရိလင်္ကာနိုင်ငံ၌ ပေထက်အက္ခရာ တင်ခဲ့သည့် စတုတ္ထသင်္ဂါယနာတင် ပြကွက်နှင့် မြန်မာနိုင်ငံ မန္တလေးမြို့၌ မင်းတုန်းမင်းကြီးလက်ထက် ကျောက်ထက် အက္ခရာတင်ခဲ့သည့် ပဉ္စမသင်္ဂါယနာတင် ပြကွက်၊ ကုသိုလ်တော် ဓမ္မစေတီများကို ပြသထားရှိသည်။

ထိုသို့ ပြသထားရှိမှုကို ယနေ့ နံနက်ပိုင်းတွင် မရန်းကုန်းမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၃၀၀ နှင့် ရဟန်းရှင်လူ ပြည်သူ ၇၀၀ ကျော် စုစုပေါင်း ၁၀၀၀ ကျော် လာရောက်လေ့လာဖူးမြော်ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)


မိုးညှင်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြော

မိုးညှင်း နိုဝင်ဘာ ၁

ကျဉ်ပြည်နယ် မိုးညှင်းမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အောင်သပြေရပ်ကွက်ရှိ ကျဉ်နှစ်ခြင်းဘုရားကျောင်း ဂျူနီယာခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၁၀၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မိုးညှင်း)မှ ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်ဌေးဝင်းက ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်/ရှောင်ရန်အချက်များ၊ မိုးညှင်းခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများမှ သင်ခန်းစာယူရမည့် အကြောင်းအရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ အသိပေးဟောပြောခဲ့ကြောင်း သိရသည်။

ရွှေမိုးညင်း



❖ အယ်လ်နီညိုမှ

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူရှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများ အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အကြံပြုထားသည်။

မိုး/ဇလ

❍ ဘန့်ဘွေးမှ

ကျောက်မဲခရိုင် သစ်တောဦးစီးဌာနနှင့် နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနတို့၏ပူးပေါင်းဆိုမှုဖြင့် လာရောက်ကြသည့် လေ့လာရေးအဖွဲ့အား နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနမှ ဦးကျော်ကျော်ထွန်းက ဘန့်ဘွေး သစ်တောယျိုးဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ ယျိုးထောင်ခြင်းနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး လိပ်ကယ်ဆယ်ရေးစခန်း တာဝန်ခံ ဒေါက်တာတင့်လွင်က လိပ်များ မွေးမြူထားမှုအခြေအနေ၊ လိပ်ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လိပ်စခန်းအတွင်း လေ့လာကြည့်ရှုခဲ့ကြသည်။

စုစုပေါင်း ၆၉၉ ကောင်ရှိ

အဆိုပါ လိပ်ကယ်ဆယ်ရေးစခန်းကို နောင်ချိုမြို့နယ် သစ်တောဦးစီးဌာန ဘန့်ဘွေးဘိုနယ်စခန်းအတွင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်၌ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)နှင့် လိပ်မျိုးဆက်ရှင်သန်ပြန့်ပွားရေးအဖွဲ့ (TSA)တို့၏ နည်းပညာနှင့် ရန်ပုံငွေအထောက်အပံ့များဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ လိပ်မျိုးစိတ်များ ထိန်းသိမ်းပြုစုစောင့်ရှောက်ထားမှုအနေဖြင့် လိပ်ကြက်တူရွေး ၃၄၅ ကောင်၊ လိပ်မောင်း ၁၄၈၊ လိပ်ဝါဖြာ ကောင်၊ ရခိုင်တောင်လိပ်နှစ်ကောင်၊ လိပ်မကြီး နှစ်ကောင်၊ လိပ်ပုတ် ၂၄ ကောင်၊ လိပ်ပါးနီ ၁၂၁ ကောင် စုစုပေါင်း ၆၉၉ ကောင်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အမျိုးသားပြတိုက်(ရန်ကုန်) ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်) မြေညီထပ်ရှိ သီဟာသနပလ္လင်ပြခန်း၊ သမ္မတအိမ်တော်ပုံစံငယ် ပြကွက်၊ မြန်မာ့အကျရာနှင့် လက်ရေးမူပြခန်းနှင့် စတုတ္ထထပ်ရှိ ဗုဒ္ဓယဉ်ကျေးမှုပြခန်းများကို ယနေ့ နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ပြခန်းခင်းကျင်းမှုများသည် နှစ် ၂၀ ကျော်ကြာခဲ့ပြီဖြစ်၍ ခေတ်စနစ်နှင့်လျော်ညီသည့်မီး၊ အလင်းအမှောင်၊ ပြကွက်များ ပြင်ဆင်ပြသရန်၊ အနာဂတ်မျိုးဆက် ကျောင်းသားလူငယ်များအား ဖိတ်ခေါ်၍ မိမိတို့၏အမွေအနှစ်များကို ဂုဏ်ယူတန်ဖိုးထားထိန်းသိမ်းလိုစိတ်ဖြစ်အောင် ရှင်းလင်းပြသပေးရန်၊ ပြကွက်များ အဆင့်မြှင့်တင်ပြီး ပြကွက်အသစ်များ၊ စုဆောင်းပစ္စည်းအသစ်များလည်း တိုးချဲ့ခင်းကျင်းပြသရန်၊ ပြသမှုအလိုက် ရှင်းလင်းချက်အချက်အလက်များ ပြည့်ပြည့်စုံစုံရေးသားရန်နှင့် လုံခြုံရေးအတွက်ပါ စီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးအဆောက်အအုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

ထားဝယ်မြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

ထားဝယ် နိုဝင်ဘာ ၁

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။



ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး အားဖြည့်ဆေးပါးများနှင့် အာဟာရဖြည့်အစားအသောက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



မူဆယ်မြို့ အထက(၂)၏ နှစ်(၆၀)ပြည့် စိန်ရတုပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

မူဆယ် နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၆၀)ပြည့် စိန်ရတုပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်းမုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါ စိန်ရတုပွဲတော်မုခ်ဦးကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မူဆယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အမှာစကားပြောကြားကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးMအောင်ဂျာက ကျောင်း၏သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ခရိုင်ပညာရေးမှူးနှင့် အထက(၂) ကျောင်းအုပ်ဆရာမကြီးတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။ ဆက်လက်၍ စိန်ရတုပွဲတော်ဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်သည်။

အဆိုပါပွဲတော်အား နှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး ညပိုင်းတွင် နိုင်ငံကျော်အဆိုတော်များ၊ တိုင်းရင်းသားအဆိုတော်များ၊ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တနိုင်းမြို့နယ်၌ အသေးစားဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

တနိုင်း နိုဝင်ဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆွတ်ငိုင်ရပ်ကွက်ရှိ တောင်သူများ စိုက်ပျိုးရေလိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရန်အတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှုနှင့် ရေဖြန့်ဝေပေးနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက တောင်သူဦးသောင်းဝင်း၏ လယ်ယာမြေသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တနိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းမင်းလွင်၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဆွတ်ငိုင်ရပ်ကွက်ရှိ တောင်သူ ဦးသောင်းဝင်း၏ လယ်ယာငါးကောတွင် အနက်ပေ ၁၂၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်ရန် Pump၊ 2200 W ဆိုလာတပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



မောင်ခိုင်

ရေးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တွေ့ဆုံဆွေးနွေး

ရေး နိုဝင်ဘာ ၁

မွန်ပြည်နယ် ရေးမြို့နယ်တွင် ပွင့်လင်းရာသီကာလများ၌ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန်နှင့် ကြိုတင်ကာကွယ်မှုများ ထားရှိရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံး ခန်းမ၌ ဆောင်ရွက်သည်။



တွေ့ဆုံပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရွှိုင်းထက်အောင်က ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ရုပ်ကွက်အလိုက် မီးဘေးအန္တရာယ် လုံခြုံရေးကိစ္စရပ်များ ကြိုတင်ဆောင်ရွက်ထားရှိရမည် ဖြစ်ကြောင်း၊ အရေးပေါ် အခြေအနေတွင် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ခြင်းဖြင့် ချက်ချင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အလားတူ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားပါးခြင်းနှင့် သဘာဝဘေး အန္တရာယ်များ ကျရောက်နိုင်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီးတက်ရောက်ကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ရှင်းသန်းဖြူ



ရန်ကုန်တိုင်းဒေသကြီး တံတားမြို့ စင်မကော်ကျေးရွာ၌ တောင်သူဦးသန်းစိန်၏ လယ် ၁၀ ဧကတွင် စိုက်ပျိုးထားသော မှော်ဘီ -၃ မိုးစပါးရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ပြုလုပ်ရာ တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးစည်။

ကျော်ဆန်း

မော်လမြိုင်မြို့၌ မွန်ပြည်နယ် လူငယ်စင်တာဖွင့်လှစ်

မော်လမြိုင် နိုဝင်ဘာ ၁

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မွန်ပြည်နယ် လူငယ်စင်တာဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

လူငယ်စင်တာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့အတူ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် မွန်ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းတို့က လူငယ်စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်ကာ လူငယ်စင်တာအတွင်းရှိ Gym & Fitness Center၊ စာဖတ်ခန်း၊ စာကြည့်တိုက်၊ သက်မွေးသင်တန်းခန်း၊ အနုပညာခန်း၊ ပန်းချီခန်း၊ Computer Room၊ ရုံးခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် လူငယ်များသည် အားကိုးထိုက်သော အနာဂတ်၏ မီးရှူးတန်ဆောင်ဖြစ်လာစေရန်၊ လူငယ်များ၏ အရည်အသွေး စဉ်ဆက်မပြတ်မြင့်မားစေရန်၊ တက်ကြွပြီး စွမ်းရည်ထက်မြက်သည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အားကစားထူးချွန်ဆုရရှိသော အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများထံ အားကစားပစ္စည်းများ ပေးအပ်လျက်ခါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်က အလှူရှင်များ၏ အလှူငွေများ ပေးအပ်လျက်ခါန်းမှုကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ မွန်ပြည်နယ်လူငယ်စင်တာနှင့် ပြည်နယ်စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်မည့်မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်လူငယ်ရေးရာကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များနှင့် လူငယ်ကဏ္ဍဆိုင်ရာ အစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လူငယ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အလားတူ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တက်ရောက်လာကြသူများက လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ (၂၀၂၅-၂၀၃၀) ပထမအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ပုသိမ် နိုဝင်ဘာ ၁

ဧရာဝတီ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၏ (၂၀၂၅-၂၀၃၀) ပထမအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေး ကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ Gandamar Ballroom ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကားပြောကြားသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ARCCI)ဥက္ကဋ္ဌတို့က ဂုဏ်ပြုစကားများ ပြောကြားကြပြီး ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ARCCI) အထွေထွေ အတွင်းရေးမှူးက ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းအဖွဲ့စည်းမျဉ်းများ၊ ၂၀၂၇ ခုနှစ် အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း (ARCCI)နှင့် ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (KSCCI) တို့သည် စက်မှုလက်မှုလုပ်ငန်းများအတွက် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အိမ်မဲမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

အိမ်မဲ နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းတွင် အောင်မင်းခေါင်ဆုတောင်းပြည့်စေတီတော်၌ ဆောင်ရွက်သည်။

အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းကာ ဘုရားဝင်းအတွင်းရှိ မြက်များနှင့် အမှိုက်များ ရှင်းလင်းခြင်း၊ ဘုရားရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်း တံမြက်စည်းလုည်းခြင်း၊ စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)



ပခုက္ကူမြို့၌ စုပေါင်းသွေးလှူဒါန်း

ပခုက္ကူ နိုဝင်ဘာ ၁

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်မိသားစုဝင် စုစုပေါင်း ၈၀ တို့က သွေးလှူဒါန်းကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ပေးအပ်သည်။

ဆက်လက်၍ ပခုက္ကူမြို့ ဒေါ်ဦးဇွန်းဘိုးဘွားရိပ်သာရှိ သက်ကြီးဘိုးဘွား ၂၂ ဦးတို့အတွက် အစားအသောက်၊ ဆေးဝါးနှင့် ငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



ကျုံပျော်မြို့၌ မီးလောင်မှုမဖြစ်ပေါ်စေရေး ဇာတ်တိုက်လေ့ကျင့်

ကျုံပျော် နိုဝင်ဘာ ၁

စူပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး မီးလောင်မှုမဖြစ်ပေါ်စေရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ မြို့မဈေးအတွင်း၌ အောက်တိုဘာ ၃၁ ရက်က ဆောင်ရွက်ရာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များ၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

ဦးစွာ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိက စနစ်တကျ မီးငြိမ်းသတ်နည်းများကို အသိပညာပေးပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြုမီးငြိမ်းသတ်နည်း၊ အောက်ဆီဂျင်ဖြတ် မီးငြိမ်းသတ်နည်း၊ ရေဖြင့် အသုံးပြု မီးငြိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။



ထို့နောက် ဈေးအတွင်းရှိ ငုစုပ်ရေတွင်းများ ရေထွက်စစ်ဆေးခြင်း၊ ဈေးမီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင် ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီ မှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ပီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

အဖိုးတန်ရေချို တန်ဖိုးထားထိန်းသိမ်းကြစေလို

ကျော်နိုင်ဦး(ပတ်ဝန်းကျင်)



> ရေချိုသယံဇာတတွေ ထိန်းသိမ်းဖို့ဆိုရင် မိုးနည်းတဲ့ဒေသတွေမှာ နှစ်စဉ်ရွာသွန်းတဲ့မိုးရေကို မိုးရေလောင်းကန်တွေတည်ဆောက်ပြီး သိုလှောင်ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ ရေစိမ့်ဝင်နိုင်မယ့်ဧရိယာတွေနဲ့ ရေကန်တွေ ဖန်တီးတည်ဆောက်ထားကြရမှာဖြစ်ပါတယ်။ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှု မရှိစေဖို့အတွက် စနစ်တကျထိန်းချုပ်ဖို့ လိုအပ်ပါတယ်။ မြေအောက်ရေစိမ့်ဝင်နိုင်ဖို့နဲ့ စိမ့်စမ်းရေတွေ ဖြစ်ပေါ်စေဖို့အတွက် အဓိကကျတဲ့ သစ်ပင်သစ်တောတွေနဲ့ ရေဝေရေလဲဒေသတွေကို တိုးချဲ့စိုက်ပျိုးထိန်းသိမ်းရမှာဖြစ်

လူသားတွေရဲ့ နေ့စဉ်စားဝတ်နေရေး အခြေခံလိုအပ်ချက်တွေမှာ သန့်ရှင်းတဲ့ရေရရှိမှသာ ပြီးပြည့်စုံနိုင်ပါလိမ့်မယ်။ ရေဟာ သက်ရှိသတ္တဝါတွေနဲ့အပင်တွေ ရှင်သန်ရပ်တည်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ သဘာဝသယံဇာတအရင်းအမြစ်ဖြစ်ပါတယ်။ ရေမရှိဘဲ ဇီဝလောက မတည်ရှိနိုင်ပါဘူး။ ကမ္ဘာ့မျက်နှာပြင်တစ်ခုလုံးရဲ့ သုံးပုံနှစ်ပုံကျော်ကို ရေတွေနဲ့ဖုံးလွှမ်းထားပေမယ့် အဲဒီကမ္ဘာ့ရေထု စုစုပေါင်းရဲ့ ၉၇ ရာခိုင်နှုန်းက သက်ရှိတွေသောက်သုံးမရတဲ့ ဆားငန်ရေတွေဖြစ်ပြီး ကျန် ၃ ရာခိုင်နှုန်းကသာ ရေချိုဖြစ်ပါတယ်။ ကျွန်ုပ်တို့လူတွေက မြေပေါ်မှာရှိတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေကန်နဲ့ မြေအောက်က ရေချိုတွေကိုသာ အဓိသပဓါပြု သုံးစွဲကြရတာပါ။ ဒီလိုရှားပါးပြီး တန်ဖိုးကြီးမားလှတဲ့ ရေချိုတွေကို ကမ္ဘာပေါ်ရှိ နိုင်ငံသားတိုင်းက ကျန်းမာပျော်ရွှင်ဖို့နဲ့ ငြိမ်းချမ်းသာယာဝပြောဖို့အတွက် စနစ်တကျတန်ဖိုးထားထိန်းသိမ်းကြဖို့ လွန်စွာအရေးကြီးပါတယ်။

ရေ၏ အရေးပါမှု

အရွယ်ရောက်ပြီး လူတစ်ဦးရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ ရေဓာတ်က ၆၀ ရာခိုင်နှုန်းပါဝင်နေပြီး ခန္ဓာကိုယ်ရဲ့ အသက်ရှင်သန်ရေးလုပ်ငန်းဆောင်တာတွေအတွက် အလွန်အရေးကြီးပါတယ်။ သန့်ရှင်းတဲ့ ရေကြည်တစ်ပေါက် သောက်သုံးလိုက်ရရုံမျှနဲ့ ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးနိုင်ပါတယ်။ ဦးနှောက်ရဲ့ ၇၅ ရာခိုင်နှုန်း၊ သွေးရဲ့ ၈၃ ရာခိုင်နှုန်း၊ အရိုးရဲ့ ၂၂ ရာခိုင်နှုန်းကို ရေကဖွဲ့စည်းထောက်ပံ့ပေးထားပါတယ်။ စားလိုက်တဲ့ အစာအာဟာရဓာတ်တွေကို ခန္ဓာကိုယ်ကဆွဲစုပ်ဖို့နဲ့ စွမ်းအင်အဖြစ် ပြောင်းလဲပေးဖို့ ရေလိုပါတယ်။ အရိုး၊ အသား၊ အကြော၊ ဂျိုင်းဆက်တွေ သန်မာစေဖို့၊ ဆဲလ်တွေ ရှင်သန်ဖို့၊ လုပ်ငန်းဆောင်တာတွေ များများလုပ်နိုင်ဖို့၊ ကျောက်ကပ်အားကောင်းဖို့အစရီကရေလိုပါတယ်။ ဒါ့အပြင် ရေကို သောက်ရန်အတွက်သာမကဘဲ နေ့စဉ်ကိုယ်လက်သန့်စင်ဖို့၊ ဆေးကြောဖို့၊ ချက်ပြုတ်ဖို့အတွက် မဖြစ်မနေသုံးစွဲကြရပါတယ်။ အဲဒါကြောင့် ရေဟာ နေ့စဉ်ရှင်သန်လှုပ်ရှားဖို့ မရှိမဖြစ်အရေးပါတဲ့ အသက်သွေးကြောပင်ဖြစ်ပါတယ်။ ရေမရှိဘဲ ကမ္ဘာပေါ်က တိရစ္ဆာန်တွေ အသက်မရှင်နိုင်သလို အပင်တွေလည်း ရှင်သန်ပေါက်ရောက်နိုင်မှာ မဟုတ်ပါဘူး။

ရေချိုများ လျော့နည်းပျောက်ကွယ်လာခြင်း အကြောင်းရင်း

ကျွန်ုပ်တို့လူသားတွေ လက်လှမ်းမီသုံးစွဲနိုင်တဲ့ ရေချိုအရင်းအမြစ်တွေကတော့ မြေအောက်ရေနဲ့ မြေပေါ်ရေလို့ခေါ်တဲ့ မြစ်ချောင်းအင်းအိုင်၊ ရေကန်၊ စိမ့်စမ်းနဲ့ ရေဝပ်ဒေသတွေက ရေတွေပဲဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ရေချိုတွေလျော့နည်းလာရတဲ့ အကြောင်းရင်းတွေကို ခြုံငုံလေ့လာကြည့်တဲ့အခါ အဓိကအကြောင်းရင်း သုံးရပ်ကတော့ ရေသုံးစွဲမှုတွေ ပိုမိုများပြားလာခြင်း၊ ရေအရင်းအမြစ်တွေ လျော့နည်းလာခြင်းနဲ့ ညစ်ညမ်းရေတွေ အဖြစ် ပြောင်းလဲလာခြင်းတို့ ဖြစ်ပါတယ်။

ကမ္ဘာ့ရေချိုပြဿနာ

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနဲ့အတူ နိုင်ငံအချို့မှာ ရေချိုရှားပါးမှုတွေ ကြုံတွေ့လာရပြီး ကမ္ဘာပေါ်မှာ လူသန်းပေါင်း ၇၀၀ မှ ၁၀၀၀ ကျော်အထိ ရေချိုရှားပါးမှုကို ခံစားနေကြရကြောင်း၊ ကမ္ဘာ့လူဦးရေရဲ့ လေးပုံတစ်ပုံဟာ အန္တရာယ်ကင်းတဲ့ သောက်သုံးရေမရရှိကြသေးကြောင်း WHO ရဲ့ စစ်တမ်းတွေအရ သိရှိရပါတယ်။ ဒါ့အပြင် ကမ္ဘာပေါ်မှာရှိတဲ့ လူဦးရေသန်းပေါင်း ၃၀၀၀ ကျော်ဟာ သူတို့နိုင်ငံရဲ့ နယ်နိမိတ်တွေကို ဖြတ်သန်းစီးဆင်းနေတဲ့ မြစ်ရေတွေအပေါ် မှီဝေမှီခိုနေကြရပါတယ်။ ကမ္ဘာ့သမိုင်းတစ်လျှောက်မှာ ရေကိုအကြောင်းပြုပြီး နှစ်နိုင်ငံအငြင်းပွားမှုတွေ၊ စစ်မက်ဖြစ်ပွားမှုတွေ ကြားဖူးပါတယ်။

မြန်မာ့ရေချိုသယံဇာတ

မြန်မာနိုင်ငံမှာ သဘာဝမြစ်ချောင်းအင်းအိုင်တွေ၊ စိမ့်တောတွေ အလွန်ပေါများလုပါတယ်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ အင်ဒိုနီးရှားနိုင်ငံပြီးရင် ဒုတိယအဆင့် ရေအပေါဆုံးနိုင်ငံဖြစ်ပြီး အာရှတိုက်မှာ ပဉ္စမမြောက် ရေအပေါဆုံးနိုင်ငံဖြစ်ပါတယ်။ ကမ္ဘာပေါ်က နိုင်ငံအတော်များများဟာ သူတို့ပိုင်နက်ရဲ့ ပြင်ပမှာ ရှိတဲ့ ရေအရင်းအမြစ်တွေအပေါ်မှာ အဓိကမှီခိုအားထားနေကြရပါတယ်။ မြန်မာနိုင်ငံမှာတော့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နဲ့ စစ်တောင်းမြစ် စတဲ့ မြစ်ကြီးတွေဟာ နိုင်ငံပိုင်နက်ထဲမှာပဲ အစအဆုံး တည်ရှိလို့နေပါတယ်။ ဒါကြောင့် ဒီမြစ်ရေတွေကို စိတ်တိုင်းကျသုံးစွဲနိုင်သလို မြစ်ဝှမ်းဒေသတွေကိုပါ ကိုယ့်တစ်နိုင်ငံတည်း မူပိုင်သုံးစွဲနိုင်ပါတယ်။

အဲဒီလို ရေအရင်းအမြစ်ပေါများကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပေမယ့် အခုနောက်ပိုင်းမှာ ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေကို ခံစားလာရခြင်း၊ မြစ်/ချောင်းတွေမှာ အနည်အနှစ် ပို့ချမှုများလာခြင်း၊ ရေအရည်အသွေးကျဆင်းလာခြင်း၊ ရေအရင်းအမြစ်တွေကို စနစ်တကျ သုံးစွဲမှု အားနည်းခြင်း စတာတွေကြောင့် ရေရှည်မှာ ရေအရင်းအမြစ်ဆုံးရှုံးမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ အချို့ဒေသတွေမှာ ထူးခြားစွာမိုးရေချိနဲ့နည်းပါးခြင်း၊ ဆည်တမံတွေ ရေအဝင်နည်းလာခြင်း စတဲ့အခြေအနေတွေကိုလည်း ရင်ဆိုင်လာရပါတယ်။ မြို့ပြနဲ့ ကျေးလက်ဒေသတွေ ပြိုင်တူဖွံ့ဖြိုးလာပြီး စက်ရုံတွေ တိုးပွားလာတာကြောင့် ရေချိုလိုအပ်ချက်တွေ ပိုမိုမြင့်တက်လာနေပါတယ်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွေက မြို့/ရွာတချို့မှာ "ရွှေကိုမလို၊ ရေကိုသာလိုသည်" ဆိုပြီး ရေကိုတန်ဖိုးထား တောင့်တနေကြရတာဖြစ်ပါတယ်။ နိုင်ငံရဲ့စီးပွားရေးက စိုက်ပျိုးရေးကို အခြေခံထားတာဖြစ်တဲ့အတွက် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဟာ နိုင်ငံသားတွေရဲ့ နေစဉ်အသက်မွေးဝမ်းကျောင်းမှုအတွက် လွန်စွာအရေးပါလျက်ရှိပါတယ်။ ဒါကြောင့် ရေသယံဇာတတွေ ပေါကြွယ်ဝတဲ့နိုင်ငံမှာ "ဖောင်စီးရင်းရေငတ်" မဖြစ်ရလေအောင် ရေကဏ္ဍမြှင့်တင်ရေးအတွက် ကြိုတင်မြော်တွေး စီမံဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ရေချိုသယံဇာတထိန်းသိမ်းရေး

ရေချိုသယံဇာတတွေ ထိန်းသိမ်းဖို့ဆိုရင် မိုးနည်းတဲ့ဒေသတွေမှာ နှစ်စဉ်ရွာသွန်းတဲ့မိုးရေကို မိုးရေလောင်းကန်တွေ တည်ဆောက်ပြီး သိုလှောင်ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ ရေစိမ့်ဝင်နိုင်မယ့် ဧရိယာတွေနဲ့ ရေကန်တွေ ဖန်တီးတည်ဆောက်ထားကြရမှာ ဖြစ်ပါတယ်။ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှု မရှိစေဖို့အတွက် စနစ်တကျထိန်းချုပ်ဖို့ လိုအပ်ပါတယ်။ မြေအောက်ရေ စိမ့်ဝင်နိုင်ဖို့နဲ့ စိမ့်စမ်းရေတွေ ဖြစ်ပေါ်စေဖို့အတွက် အဓိကကျတဲ့ သစ်ပင်သစ်တောတွေနဲ့ ရေဝေရေလဲဒေသတွေကို တိုးချဲ့စိုက်ပျိုးထိန်းသိမ်းရမှာဖြစ်ပါတယ်။ အမြိုက်နဲ့ ရေဆိုးစွန့်ပစ်မှုတွေ စည်းကမ်းတကျ ဆောင်ရွက်ဖို့လိုသလို တစ်ဦးတစ်ယောက်ချင်း ကိုယ်ပိုင်အသိစိတ်ဓာတ်နဲ့ ရေကိုမဖြုန်းတီးဘဲ ချွေတာသုံးစွဲကြရမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတန်ဖိုးထားပြီး ရေညစ်ညမ်းစေမယ့် အပြုအမူတွေကို (လုံး၀)ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ ရေသယံဇာတဆိုင်ရာ အသိပညာတွေ တစ်ဦးကိုတစ်ဦး မျှဝေပေးကြဖို့လည်း လိုအပ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဟန့်တားတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေမှာ လူသားတိုင်းက အသိစိတ်ဓာတ်ရှိရှိရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လည်း လိုအပ်ပါတယ်။

သန့်ရှင်းကောင်းမွန်တဲ့ရေဟာ လူသားအားလုံးရဲ့ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လာဘ်ကြီးတစ်ပါးဖြစ်ပါတယ်။ လူသားတိုင်းနဲ့ သက်ဆိုင်တဲ့ ရေသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ကျွန်ုပ်တို့ ကမ္ဘာ့လူသားတိုင်း ပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း နိုင်ငံတော်ငြိမ်းချမ်းသာယာဝပြောစေဖို့အတွက် အဖိုးတန်ရေချို သယံဇာတတွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် အခုအချိန်ကစပြီး အလေ့အကျင့်ကောင်းတစ်ခုပြု၍ ရေတစ်ပေါက်မျှပင် မိမိကြောင့် အလေအလွင့်မဖြစ်ရလေအောင် အဖိုးတန်ရေကို ချွေတာသုံးစွဲကြဖို့ တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။ ။

မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၁

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ယမန်နေ့တွင် ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်သည်။

စုပေါင်းဆောင်ရွက်

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးသူ ဦးဆောင်၍ စုစုပေါင်းအင်အား ၂၀၀ ဖြင့် မယ်လမုစေတီတော်ကြီးတွင် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရေးအတွက် စေတီနှင့် ဘုရားရင်ပြင်အနီးအနားရှိ အမှိုက်သရိုက်များ ကောက်ယူခြင်း၊ ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ စေတီတော်ရင်ပြင်၌ ရေဖြင့် ဆေးကြောသန့်စင်ခြင်း၊ တံမြက်စည်းလှဲခြင်း၊ ဘုရားပရဝဏ်အတွင်း/အပြင်များတွင် သန့်ရှင်းရေးပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ အောင်မြင်ဖြစ်ထွန်းမှုကြည့်ရှု

ပြည် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝန်ဆင်ဆိပ်ကျေးရွာ၌ တစ်ကွင်း တစ်ဆက်တည်း မိုးနှောင်းချည်မျှင်ရှည်ဝါ ဧက ၂၀၀ အောင်မြင်ဖြစ်ထွန်းမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတူ ယမန်နေ့ညနေပိုင်းက သွားရောက် ကြည့်ရှုအားပေးပြီး ဒေသခံ ပါစိုက်တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့အတူ ပြည်မြို့နယ် နှင်္ဂေကျေးရွာအုပ်စု၌ ဆောင်းဟင်းသီးဟင်းရွက်အထူးဇုန် တစ်ကွင်း တစ်ဆက်တည်း ဧက ၃၀၀ စိုက်ပျိုးအောင်မြင်နေမှု၊ တစ်ကွင်း တစ်ဆက်တည်း ဆီထွက်ပဲပုပ် စိုက်ခင်း ဧက ၁၅၀ စိုက်ပျိုးအောင်မြင်နေမှုကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု၌ တစ်ကွင်း တစ်ဆက်တည်း ရေဆင်းပေါ်ဆန်း (၁) မျိုးစေ့ထုတ်စိုက်ခင်း စုပေါင်း ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဆောင်းသီးနှံအတွက် ပဲတီစိမ်း၊ မတ်ပဲ၊ ဆီထွက်ပဲပုပ်နှင့် နေကြာမျိုးစေ့များ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကျွန်းလှမြို့နယ်၌ ပုံမှန်တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

ကျွန်းလှ နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ယနေ့နံနက်ပိုင်းက ပုံမှန်တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးသည်။

အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များကို လစဉ်လဆန်း ၁ ရက်မှစတင်ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မြတ်မိုးဆန်း ဦးဆောင်ကြီးကြပ်၍ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနခွဲ အသက်အပိုင်းအခြားအလိုက် သတ်မှတ်ကာကွယ်ဆေးများ စနစ်တကျ ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညီ(ကျွန်းလှ)**





ပြင်ဦးလွင်မြို့၌ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူ

ပြင်ဦးလွင် နိုဝင်ဘာ ၁

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘာဏ်၌ ပြုလုပ်ရာ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ပြည်သူလုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များပါဝင်သော စုစုပေါင်း ၇၅ ဦးက ကျန်းမာရေးစစ်ဆေးချက်များကို ခံယူပြီး သွေးလှူဘာဏ်သို့ သွေးလှူဒါန်းခဲ့ကြသည်။

ထောက်ပံ့ပေးအပ်

သွေးလှူဒါန်းပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး သွေးလှူရှုင်များအား လိုအပ်သည့်ဆေးဝါးများနှင့် အားဖြည့်အစာအစာများဖြစ်သည့် ကြက်ဥနှင့် ဖီးကြမ်းဂွက်ပျောသီးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေပြေးဥပဒေရုံးဖွင့်လှစ်ရေး ကြိုတင်ပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်းသည် မန္တလေးတိုင်းဒေသကြီးအတွက် ရွှေပြေးဥပဒေရုံးများ တိုးချဲ့ဖွင့်လှစ်ရန် ဥပဒေရေးရာ ဝန်ကြီးဌာနက သတ်မှတ်ပေးသည့် ရုံး လေးရုံး အနက် ပျဉ်းမနားခရိုင်ဥပဒေရုံး၊ ပျဉ်းမနားမြို့နယ် ဥပဒေရုံးနှင့် တပ်ကုန်းမြို့နယ် ဥပဒေရုံးတို့၏ ကြိုတင်ပြင်ဆင်မှုများကို ယမန်နေ့က စစ်ဆေးကြည့်ရှုခဲ့သည်။

ရွှေပြေးဥပဒေရုံး များသည် အရေးကြီးသော ပြစ်မှုများတွင် တရားခံအပေါ် ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်စီရင်



နိုင်ရေးအတွက် အဓိကသက်သေသို့မဟုတ် နစ်နာသူများနှင့် သက်သေခံ အထောက်အထား များ တင်ပြမည့်သူများကို တရားရုံးရှေ့အမှုစစ်ဆေးရာတွင် ပကတိ အခြေအနေမှန်ကို ထွက်ဆိုတင်ပြနိုင်ရေး အတွက် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ပြီး တရားစီရင်ရေးကို ထိရောက်သော အထောက် အကူဖြစ်စေကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ကြီးကြပ်ရသော ခရိုင်၊ မြို့နယ်ဥပဒေရုံးစုစုပေါင်း ၅၀ ရှိရာ ရွှေပြေးဥပဒေရုံးအဖြစ် ယခင် ၁၃ ရုံးဖွင့်လှစ်ထားပြီး လေးရုံး ထပ်မံတိုးချဲ့သွားရန်ရှိ၍ ရွှေပြေး ဥပဒေရုံး ၁၇ ရုံးအထိ ရှိလာမည်ဖြစ်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့်အတူ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန်တို့က ရွှေပြေးဥပဒေရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်နှင့် ရွှေပြေးဥပဒေရုံးများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ငွေကြေယ်

မြဝတီမြို့တွင် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

မြဝတီ နိုဝင်ဘာ ၁

ကရင်ပြည်နယ် မြဝတီမြို့တွင် အင်္ဂလိပ်စာနှင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲများကို စကဲတင်ဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ ယနေ့နံနက် ၁၀ နာရီတွင် အလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်၊ ခရိုင်ပညာရေးမှူး ဦးစောဝါးလယ်ထူး၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ အခြေခံပညာနှင့် ကိုယ်ပိုင်ကျောင်းများမှ



Grade (5)၊ Grade (6)၊ Grade(7)၊ Grade (8)၊ Grade (9) အတန်းများရှိ ကျောင်းသား ကျောင်းသူ ၁၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အနက် ၁၆ ဦးကို ဆန်ခါတင်ရွေးချယ်ခဲ့ပြီး ပြည်နယ်အဆင့်ပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်နိုင်ရေးအတွက် ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



လယ်ဝေးမြို့နယ် သာယာကုန်းကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေး

လယ်ဝေး နိုဝင်ဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စည်ပိုင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ-နည်းပညာ ဒေါ်ခင်မာလွင်က အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ လေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာသူ/ကျေးရွာသားများက အယ်လ်နီညိုရာသီဥတုနှင့် ပတ်သက်သည့် သိလိုသည့်အချက်များ မေးမြန်းဆွေးနွေးခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ဖြိုးစုနိုင်(ကျေးလက်)**

တောင်ကြီးမြို့၌ တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



တောင်ကြီး နိုဝင်ဘာ ၁

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်၏ မီးပုံးပျံပြိုင်ပွဲများတွင် မီးပုံးပျံ ညမီးကြီး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ်မီးပုံးပျံ ၁၁၂ လုံး၊ နေ့လွှတ်ခြေနှစ်ချောင်း ၂၃၆ လုံး၊ ခြေလေးချောင်း ၁၃၈ လုံး၊ အရပ်အုပ်စု ၇၅ လုံး စုစုပေါင်း နေ့လွှတ်အရပ်မီးပုံးပျံ ၄၄၉ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ဝင်၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ပွဲတော်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပွဲတော်သို့ လာရောက်လည်ပတ်ကြမည်ဖြစ်၍ လုံခြုံရေး ကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ပေးရန်၊ မီးပုံးပျံများတွင် အသုံးပြုသည့်ယမ်းများ အန္တရာယ်မဖြစ်ပေါ်စေရေး ဂရုတစိုက် အလေးထား ဆောင်ရွက်ပေးရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက် မီးပုံးပျံပြိုင်ပွဲများတွင် အကဲဖြတ်အမှတ်ပေးရာတွင် အဂတိကင်းစွာ ဆုံးဖြတ်အမှတ်ပေးရန် မှာကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့် မီးပုံးပျံပညာရှင်များက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍ ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

လှည်းကူးမြို့နယ်၌ အသံမစဲ မဟာပဒ္ဓာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်

လှည်းကူး နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ အသံမစဲ မဟာပဒ္ဓာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် လှည်းကူးမြို့နယ် နီဗွာနိဆိပ်ဦး မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ ဌာနဆိုင်ရာများနှင့် ဧည့်ပရိသတ်များက နီဗွာနိဆိပ်ဦးဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်သည်။ ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဏ္ဍိမဂုဏ်ရည်ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒက ဩဝါဒကထာချီးမြှင့်ခြင်း၊ အရှင်ပညာဓောတက ရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားပင့်ခြင်း၊ အရှင်အာလောကာလင်္ကာရက ပဒ္ဓာန်းဒေသနာတော်နာကြားရန်အတွက် နတ်ဗြဟ္မာများပင့်ဖိတ်ခြင်း၊ အရှင်အာစိဏ္ဏက ပဒ္ဓာန်းဒေသနာတော်ရွတ်ဖတ်ရန်တိုက်တွန်းနှိုးဆော်လွှာ ပဒ္ဓာန်းအမွမ်းဂါထာတော်ဖတ်ကြားပြီး ကြွရောက်တော်မူလာကြသော သံဃာတော်များနှင့် ဧည့်ပရိသတ်များက ပဒ္ဓာန်းပစ္စယုဒ္ဒေသ သုံးကြိမ်ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ အလှည့်ကျ ပဒ္ဓာနဘာဏက သံဃာတော်များက ဆက်လက်ရွတ်ဖတ်ပူဇော်သည်။ အသံမစဲမဟာပဒ္ဓာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၆ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်းသိရပါသည်။

အိန္ဒြေစင်လတ်

ရေးမြို့နယ် မိထော်လှကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ရေး နိုဝင်ဘာ ၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ရေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် မိထော်လှာကြီး ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် slab culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး၊ ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မိထော်လှာကြီး ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် slab culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကျေးရွာတွင်း ကွန်ကရစ်လမ်းအရှည်ပေ ၂၄၉၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မခင်းခြင်းနှင့် slab culvert နှစ်စင်း၊ ရေပြွန်သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်နယ်ရန်ပုံငွေကျပ် ၂၄၆ ဒသမ ၀၄ သန်းဖြင့် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၂၆ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

သုတ

ဟိုင်းကြီးကျွန်းမြို့၌ ရဟန်း၊ သာမဏေ၊ သီလရှင်များအား UID ကတ်ပြားများဆက်ကပ်

ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် ဝါဆို၊ဝါကပ် တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များအား ဇီဝအချက်အလက်ကောက်ယူ၍ UID ကတ်ပြားများဆက်ကပ်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် မြတ်မော်တင်တောင်တော်ရှိ အမရာကျောင်းဆောင်၌ ကျင်းပသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟိုင်းကြီးကျွန်းမြို့ရှေ့တန်းရုံးတာဝန်ခံ ဦးသန့်ဇင်ထွန်းနှင့် တာဝန်ရှိသူများသည် ဟိုင်းကြီးကျွန်းမြို့အတွင်း ဝါဆို၊ ဝါကပ်တော်မူကြသည့် သာသနာ့နွယ်ဝင်မှတ်တမ်းရှိပြီးသော ရဟန်း၊ သာမဏေ၊ သီလရှင်များအား UID ကတ်ပြားများ ဆက်ကပ်ခဲ့ကြောင်း သိရ သည်။

လှိုင်မျိုးအောင်(ပြန်/ဆက်)

ဗိုလ်တထောင်မြို့နယ်၌ မီးဘေးကြုံတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ ဘိုကလေးစျေး (လေဟာပြင်)၌ မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် စျေးသူစျေးသားများနှင့် ရပ်ကွက်နေပြည်သူများအား မီးဘေးကြုံတင်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်း၊ DCP မီးသတ်ဆေးဘူးအကြောင်း ရှင်းပြခြင်းနှင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါအသိပညာပေးခြင်းသို့ ဗိုလ်တထောင်ခရိုင် ထွေ/အုပ်မှုဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်း၊ ဗိုလ်တထောင်ခရိုင်ရဲမှူး ဒုရဲမှူးကြီး ဦးခင်ဇော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသက်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာမွေမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးမျိုးညီညီတို့ ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အာကာ



ပျော်ဘွယ်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပျော်ဘွယ် နိုဝင်ဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပျော်ဘွယ်မြို့နယ်၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဘုရားငါးဆူ–တွင်းရွာခရိုင်ချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုအောက်တိုဘာ ၃၁ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးလှခိုင်က ကွင်းဆင်းစစ်ဆေးသည်။

ဘုရားငါးဆူ–တွင်းရွာ ခရိုင်ချင်းဆက်လမ်းအရှည် (၀/၂)မိုင် ကတ္တရာခင်းခြင်းကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၁၂ ဒသမ ၆၈၅ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ စျေးကွက်သို့တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

စာတည်းအဖွဲ့

အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် သီတင်းကျွတ်လပြည့်နေ့ စည်ကားမှု၊ နေပြည်တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလာမှု၊ ဆုပေးပွဲ၊ ဆက်သွယ်ရေး၊ မင်္ဂလာဈေးသစ်ကြီး ပြန်လည်ဖွင့်လှစ်၊ စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေး၊ အားကစား၊ အကြမ်းဖက်တိုက်ခိုက်မှု၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ မှုခင်းနှင့် မိုးလေဝသ စသည့်သတင်းများကို စုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

သီတင်းကျွတ်လပြည့်နေ့ စည်ကားမှု

အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့် - အဘိဓမ္မာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ နေပြည်တော်ရှိ စေတီပုထိုးများ၊ မန္တလေး မဟာမုနိ၊ တောင်ကြီး စူဠာမဏိနှင့် ပဲခူး ရွှေမော်ဓော စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုကြသူများနှင့် မီးထွန်းပွဲတော်များဖြင့် အထူးစည်ကားခဲ့သည်။ ထို့ပြင် သီတင်းကျွတ်လပြည့်အခါသမယတွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးများ စိတ်အေးချမ်းသာစွာ သွားရောက်နိုင်ရန်အတွက် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ (နှစ်ရက်တိုင်တိုင်) တော်ဝင်ယာဉ်လိုင်း ရှစ်စီးနှင့် ရာဇာမင်း EV ယာဉ် တစ်စီးတို့ဖြင့် အသွားအပြန် အခမဲ့ပို့ဆောင်ပေးခဲ့သည်။

နေပြည်တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်အတွင်း မြို့ပြအင်္ဂါရုပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် ရုံးပင်ချောင်းတံတား တည်ဆောက်နေမှု၊ နေပြည်တော် ပြည်သူ့ရင်ပြင်တည်ဆောက်နေမှုနှင့် ပြည်ထောင်စု ဂုဏ်ပြုမိမာန်တည်ဆောက်နေမှု အခြေအနေများကို အောက်တိုဘာ ၃၁ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ခရီးသွားလာရေး

ပုဂံရွေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဘုရားစေတီများနှင့် သဘာဝရှုခင်းများကို မိုးပျံဘောလုံး (Hot Air Balloon) စီးနင်းကာ ဝေဟင်မှကြည့်ရှုခံစားသူ များပြားလျက်ရှိသည်။ မိုးပျံဘောလုံးဝန်ဆောင်မှုများကို အောက်တိုဘာ ၁၅ ရက်မှစ၍ ကုမ္ပဏီအသီးသီးက အလှည့်ကျ ပျံသန်းပေးနေခြင်း ဖြစ်ကြောင်း အောက်တိုဘာ ၂၅ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ဆုပေးပွဲ

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်၌ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်များအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်သွယ်ရေး

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများကို စမ်းသပ် အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

မင်္ဂလာဈေးသစ်ကြီး ပြန်လည်ဖွင့်လှစ်

မီးလောင်ကျွမ်းခဲ့မှုကြောင့် ၁၀ နှစ်ကျော်ကြာ ပြန်လည် တည်ဆောက်ခဲ့ရသည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆင့်မြင့် မင်္ဂလာဈေးသစ်ကြီးကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်ရာ ဆိုင်ခန်းပိုင်ရှင်များအား ပစ္စည်းများ စတင် ရွှေ့ပြောင်းခွင့်ပြုထားကြောင်း အောက်တိုဘာ ၂၉ ရက်တွင် သတင်း ဖော်ပြခဲ့သည်။

စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ထိုင်းနိုင်ငံ၌ ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan၊ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Maxim Reshetnikov တို့နှင့် သီးခြားစီတွေ့ဆုံကာ ထားဝယ်ဒေသ စီမံကိန်းများအပါအဝင် သုံးနိုင်ငံစွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက် ရေးလုပ်ငန်းများကို အောက်တိုဘာ ၃၁ ရက်တွင် ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေး

အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် AA အဖွဲ့ဝင် ၁၅ ဦး၊ PLF အဖွဲ့ဝင် တစ်ဦးနှင့် PDF အဖွဲ့ဝင် ၁၂ ဦး (စုစုပေါင်း ၂၈ ဦး) တို့သည် MA-1၊ MA-3၊ M-22 စသည့် လက်နက်/ခဲယမ်းမျိုးစုံနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သဖြင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပခဲ့သည်။ လက်နက်နှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှု အတွက် ဆုကြေးငွေ စုစုပေါင်း ကျပ်၅၈၄ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အားကစား

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ အဆိုပါ ပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ အားကစား နည်း ခြောက်မျိုးဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှု

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) မွန်းလွဲ ၁ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွေးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ အေးချမ်းစွာ ကုသိုလ်ပြုနေသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များက ရှောတိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ထိုပစ်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းဝင်းအနီးနှင့် လူနေအိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲကာ ဒေသခံပြည်သူအမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦး (စုစုပေါင်း ငါးဦး) ဒုံးသီးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် ပေါ်ကျဲကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်နေသည့် ထိုင်းနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၆ ဦး (စုစုပေါင်း ၁၈ ဦး) တို့ကို Star Link နှစ်လုံး၊ ကွန်ပျူတာများ၊ ဖုန်းများနှင့် တဲအဆောက်အအုံ ဆက်စပ်ပစ္စည်းများနှင့်အတူ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့ပါသည်။

မှုခင်းကဏ္ဍ

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် အကြမ်းဖက် NUG လက်အောက်ရှိ ဟသံတခရိုင် တပ်ရင်း(၃) တပ်ရေးတာဝန်ခံ ဝင့်လွှာအောင် (ခ) စစ်ငြိမ်းမေကို ဖမ်းဆီးရမိခဲ့ပြီး တရားမဝင် ခွဲဦးထီ ရောင်းချသူကိုယ်စားလှယ်များဖြစ်ကြသည့် နန္ဒာလှိုင်နှင့် ဆုမြတ်ဝေ (ခ) လေးပေါင်တို့ကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း အောက်တိုဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

မိုးလေဝသ

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းယေသည် နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွင်း ဆိုင်ကလုန်း မုန်တိုင်းအဖြစ်သို့ ပို့မိအားကောင်းလာနိုင်ပြီး ပင်လယ်ပြင်တွင် လေဖိအားနည်းရုပ်ဝန်း တစ်ကြိမ်ထပ်မံဖြစ်ပေါ်နိုင်ကြောင်း အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်ထားသည်။



စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက် တိုက်နယ်ဆေးရုံဖွင့်ပွဲ ကျင်းပ

စဉ့်ကူး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက် ကျေးရွာရှိ (၁၆ - ခုတင်)ဆုံ ကျည်တောက်ပေါက် တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သပိတ်ကျင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဦးနိုင်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆေးရုံတွင် ဆေးကုသမှုခံယူနေ သည့် လူနာများအား အားပေးစကားများပြောကြားပြီး ကြက်ဥ၊ ကွေကာ နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ ဆေးရုံအတွင်း ဆေးကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေများကို လှည့်လည်ကြည့်ရှု ခဲ့ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ်၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ် နိုဝင်ဘာ ၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ခုံဂနီကျေးရွာ၊ ကျုံကရုတ်ကျေးရွာနှင့် ဒရယ်ဖြူကျေးရွာ တို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေး သည်။

သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ခုံဂနီကျေးရွာ၊ ကျုံကရုတ် ကျေးရွာနှင့် ဒရယ်ဖြူကျေးရွာတို့၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး လက်ရှိရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူ၊ ကျေးရွာရေရရှိရေးကော်မတီ ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ



အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်၊ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက် ရန်အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ချိုလေး

ကျုံပျော်မြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကျုံပျော် နိုဝင်ဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန



မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေ တို့ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများကို အောက်တိုဘာ ၃၁ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူ များက မြို့နယ်အတွင်းရှိ လမ်း/တံတားလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစေရန် နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး၊ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးနှင့် လိုအပ် သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ပြည်ပရောက် မြန်မာနိုင်ငံလုပ်သားများ၏ ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကြောင်း FATF မှ ဆုံးဖြတ်



ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၆-၁၀-၂၀၂၆ ရက်မှ ၃၀-၁၀-၂၀၂၆ ရက်အထိ ကျင်းပခဲ့သည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF)၏ မျက်နှာစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် FATF မှ ချမှတ်ထားသည့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံ (Action Plan) ၁၅ ချက်အနက် ၁၃ ချက်အား ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး FATF က အများပြည်သူသို့ ထုတ်ပြန်ကြေညာချက်အား ၃၀-၁၀-၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ပြည်ပရောက် မြန်မာနိုင်ငံ လုပ်သားများ၏ ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးသွားရန် အဖွဲ့ဝင်နိုင်ငံများသို့ တိုက်တွန်းကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျန်ရှိသည့်အချက် ၂ ချက်အား ပြီးပြတ်အောင် ဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုနှင့် တရားမဝင် ငွေကြေးစီးဆင်းမှုများကို ထိထိရောက်ရောက် တားဆီးရေး တိုက်တွန်းထားပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦးက ဦးဆောင်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ FATF အဖွဲ့ဝင် နိုင်ငံကြီးများက ထောက်ခံဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၁-၁၁-၂၀၂၆)

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

ရှောဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံ ရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၁ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၈၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၂၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။



ထို့အပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာ အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချိုနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ ၁၀၀

ပုသိမ်မြို့ အောင်သီရိစျေးရှိ စျေးဆိုင်ခန်းများ၌ မီးဘေးလုံခြုံရေးစစ်ဆေး

ပုသိမ် နိုဝင်ဘာ ၁

ရှောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အောင်သီရိစျေးရှိ စျေးဆိုင်ခန်းများ၌ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့တွင် မီးဘေးလုံခြုံရေးစစ်ဆေးကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်သီရိစျေးအတွင်းရှိ စျေးဆိုင်ခန်းများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးခြင်းနှင့် မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားပါက အချိန်မီတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် စျေးသူ စျေးသားများအား အသိပညာပေးခြင်းတို့ကို ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွဋ် ဦးဆောင်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများက မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ကြသည်။ **ကျော်ဟိန်း (ပြန်/ဆက်)**



စာအုပ်စာပေ လူမိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

*** ဆိုင်ကလုန်းမုန်တိုင်းမှ**

ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ပိုမို အားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု" အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၉၀ မိုင်ခန့်, အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်နှင့် မာလီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၄၀ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ဘင်္ဂလားပင်လယ်အော် ဒဋ်းတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ တည်နေရာ၊ ဗဟိုချက်လေဖိအား နှင့် လေတိုက်နှုန်း


အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု" သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၂ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၃ ဒီဂရီ တွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အဖြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၀ မှ ၄၅ မိုင် နှုန်းခန့်ဖြစ်သည်။

နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် အနောက်-အနောက်မြောက် ဘင်္ဂလားနိုင်ငံဖြစ် နိုဝင်ဘာ ၂ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ဖြီး နိုဝင်ဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေကို နယ်လိုရီမြို့နှင့် နာစာပါမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။



၁-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅ : ၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု(MURASU)" လမ်းကြောင်းပြမြေပုံ။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအဖြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းဖြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် ဖြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းမျုံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

အသေးစားလုပ်ငန်းမှ နိုင်ငံစီးပွားရေးအင်အားသို့ - မြန်မာ MSME များ ဖွံ့ဖြိုးရေးလမ်းကြောင်း

မနက်အစောပိုင်း လမ်းထောင့်က လက်ဖက်ရည်ဆိုင်လေး အသက်ဝင်လှုပ်ရှားလာပြီ။ စျေးအနီးက မုန့်ဖုတ်လုပ်ငန်းမှာ တစ်နေ့တာရောင်းချဖို့ ပြင်ဆင်နေကြသည်။ အိမ်တစ်အိမ်၏ အောက်ထပ်မှ အပ်ချုပ်စက်သံထွက်လာသည်။ ထိုလုပ်ငန်းများ၏ နောက်ကွယ်တွင် မိသားစုစားဝတ်နေရေး၊ ဝန်ထမ်းလစာနှင့် အနီးအနားက ကုန်သည်တို့၏ ဝင်ငွေများ ဆက်စပ်နေသည်။

ကိုသန့် (Wheel-turning)

ဆိုင်တစ်ဆိုင်၏ အခက်အခဲသည် ဆိုင်ရှင်တစ်ယောက်ထဲ၌သာ ရပ်မနေပါ။ ကုန်ဖိုးပေးချိန်နောက်ကျလျှင် ပေးသွင်းသူထံရောက်သွားသည်။ လစာပေးချိန်နောက်ကျလျှင် ဝန်ထမ်း၏မိသားစုထံ ရောက်သွားသည်။ လုပ်ငန်းငယ်များ ဖွံ့ဖြိုးရေးအကြောင်း ပြောကြသောအခါ ထိုဆက်စပ်မှုကို အရင်မြင်ဖို့လိုသည်။

MSME ဟူသည် အလွန်သေးငယ်သော၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို စုပေါင်းခေါ်ဆိုခြင်းဖြစ်သည်။ အရွယ်အစားခွဲခြားသည့် စံနှုန်းများမှာ နိုင်ငံနှင့် လုပ်ငန်းကဏ္ဍအလိုက် ကွာခြားနိုင်သည်။

အရွယ်အစားနှင့်အတူ လုပ်ငန်းနိုင်မာမှုကို ကြည့်ရမည်

ယနေ့ ဝန်ထမ်းငါးယောက်နှင့် လည်ပတ်နေသော လုပ်ငန်းသည် နောင်တွင် ဝန်ထမ်းငါးဆယ်ရှိသော လုပ်ငန်းဖြစ်လာနိုင်သည်။ ရပ်ကွက်တစ်ခုတွင်သာ လူသိများသော အစားအသောက်တစ်မျိုးသည် တစ်နိုင်ငံလုံး ဖြန့်ချိသည့်အမှတ်တံဆိပ်တစ်ခု ဖြစ်လာနိုင်သည်။ သို့သော် လုပ်ငန်းတိုင်း ထိုလမ်းကြောင်းကို ရွေးချယ်ရန် မလိုပါ။

မိသားစုမှန်ဆိုင်တစ်ဆိုင်သည် ဆိုင်ခွဲမဖွင့်ဘဲ အလေအလွင့် လျော့ချနိုင်ခြင်း၊ အဖြတ်မှန်မှန်ကျန်ခြင်း၊ ဝန်ထမ်းလစာကို အချိန်မီ ပေးနိုင်ခြင်းတို့ဖြင့် ခိုင်မာလာနိုင်သည်။ ပိုင်ရှင်က အနားယူရန် အချိန်ရလာခြင်း၊ မမျှော်လင့်ထားသော ကုန်ကျစရိတ်အတွက် အရန်ငွေရှိလာခြင်းတို့လည်း တိုးတက်မှုများဖြစ်သည်။

ဆိုင်ခွဲတိုးလာသော်လည်း အကြွေးပိုပြီး အရည်အသွေးမထိန်းနိုင်လျှင် ထိုခွဲထွင်မှုကို အောင်မြင်မှုဟု အလွဲစလို မသတ်မှတ်နိုင်ပါ။ ကျွန်တော်တို့ တန်ဖိုးထားရမည့်အရာမှာ လုပ်ငန်း၏ အရွယ်အစားနှင့် အတူရပ်တည်နိုင်စွမ်းဖြစ်သည်။ ချဲ့ထွင်လိုသူအတွက် လမ်းပွင့်ရမည်။ သင့်တော်သောအရွယ်အစားဖြင့် ကောင်းစွာရပ်တည်လိုသူအတွက်လည်း နေရာရှိရမည်။

၂၀၁၅ ခုနှစ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၏ ရည်ရွယ်ချက်များတွင် သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးအကူအညီရရှိရေး၊ ပြည်တွင်း ပြည်ပ စျေးကွက်သို့ ဝင်ရောက်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေး၊ အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားရေးတို့ ပါဝင်သည်။ ထိုရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် လုပ်ငန်းအမျိုးအစားနှင့် လိုအပ်ချက်မတူညီမှုကို အလေးထားသင့်သည်။

အရင်းအနှီးနှင့်အတူ လိုအပ်သောအရာများ

ချေးငွေလျှင် ကုန်ကြမ်းဝယ်နိုင်မည်။ စက်ပြင်နိုင်မည်။ လက်လွတ်ရတော့မည့် အော်ဒါကို လက်ခံနိုင်မည်။ အရင်းအနှီးလိုသူများအတွက် ထိုအကူအညီ၏တန်ဖိုးကကြီးသည်။

ကုန်ကြမ်းဖိုးကို ယနေ့ပေးရပြီး ရောင်းချငွေကို နောက်လမှ ပြန်ရလျှင် ထိုကြားကာလအတွက် လည်ပတ်ငွေလိုသည်။ အော်ဒါပိုများလာလေလေ ကြိုတင်စိုက်ထားရသည့်ငွေ ပိုများလာနိုင်လေလေ ဖြစ်သည်။ ရောင်းအားတက်နေချိန်မှာပင် ငွေကျပ်နိုင်ခြင်း၏ အကြောင်းရင်းတစ်ခုက ထိုအချိန်ကွာဟချက်ဖြစ်သည်။

အရင်းအနှီး၊ လုပ်ကိုင်နိုင်စွမ်း၊ စျေးကွက်နှင့် စီမံခန့်ခွဲမှုစနစ်တို့ကို တွဲကြည့်မှ လုပ်ငန်းလိုအပ်ချက် ပိုမြင်သာသည်။ စက်ဝယ်ပေးရုံနှင့် မပြီးသေး။ သုံးတတ်သူ၊ ထိန်းသိမ်းနိုင်သူနှင့် ထွက်လာသည့်ကုန်ကို ဝယ်မည့်သူရှိရမည်။ ဤသည်မှာ လုပ်ငန်းအတွင်း ပြင်ဆင်ရမည့်အပိုင်း ဖြစ်သည်။ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် မူဝါဒဆိုင်ရာ အတားအဆီးများကိုမူ လုပ်ငန်းရှင်တစ်ဦးတည်း၏ ကြိုးစားမှုဖြင့် ဖြေရှင်း၍ မရပါ။

မုန့်လုပ်ငန်းငယ်တစ်ခုမှ စတင်စဉ်းစားကြည့်ခြင်း

နမူနာအဖြစ် အိမ်တွင်းမုန့်လုပ်ငန်းတစ်ခုကို စဉ်းစားကြည့်ပါစို့။ အော်ဒါစာအုပ်ထဲမှာ အော်ဒါပြည့်နေသည်။ လက္ခုန်တော့ ငွေမကျန်။ ဤအချိန်တွင် မီးဖိုအသစ်ဝယ်ရန် ဆုံးဖြတ်မလား၊ မုန့်တစ်ထုပ်၏ ကုန်ကျစရိတ်ကို ပြန်တွက်မလား။ ထုတ်လုပ်မှုပမာဏတိုးမည့် ဆုံးဖြတ်ချက်မချမီ ဒုတိယအလုပ်ကို အရင်လုပ်ရမည်။ မုန့်ညက်နှင့် ဆီဖိုးအပြင် ထုပ်ပိုး၊ လုပ်အား၊ မီးနှင့် လောင်စာဖိုး၊ ပို့ဆောင်ခ၊ ပျက်စီးပြန်အပ်ကုန်တို့ကိုပါထည့်တွက်မှ အမြတ်ကို ပိုမှန်ကန်စွာသိမည်။ မိသားစုဝင်၏ လုပ်အားကို အခမဲ့ဟုသာ ယူဆထားလျှင်လည်း လုပ်ငန်း၏ တကယ့်ကုန်ကျစရိတ်ကို လျော့တွက်မိနိုင်သည်။

နောက်တစ်ဆင့်တွင် ဆိုင်များသို့ ပို့ထားသောကုန်နှင့် ပြန်ရမည့် ငွေကို တိုက်စစ်ကြည့်ရမည်။ ကုန်ကျစရိတ်များ၌ အမြတ်မကျန်သည်လား။ အမြတ်ရှိပေမယ့် အကြွေးရောင်းငွေ မရသေးခြင်းလား။ ပြဿနာနှစ်ခုစလုံး ဖြေရှင်းနည်းမတူပါ။ ငွေမဝင်သေးခြင်းကို မီးဖိုအသစ်က ဖြေရှင်းပေးမည်မဟုတ်။

မုန့်အရည်အသွေး မမှန်သည့်ပြဿနာရှိလျှင်လည်း တစ်ကြိမ်ထုတ်တိုင်း ပါဝင်ပစ္စည်းပမာဏနှင့် ထုတ်လုပ်သည့်နေ့ကို မှတ်ထားခြင်းက အကြောင်းရင်းရှာရန် ကူညီမည်။ ရောင်းအား၊ ကုန်ကျစရိတ်နှင့် ပြန်အပ်ကုန်တို့ကို တစ်လကြာ စုစည်းကြည့်ပြီးနောက် ဘယ်အပိုင်း အရင်ပြင်ရမည်ဆိုသည်ကိုပိုရှင်းလာနိုင်သည်။

ယုံကြည်မှုကို နေ့စဉ်အလုပ်ဖြင့် တည်ဆောက်ရသည်

ဖောက်သည်တစ်ယောက် ပြန်ဝယ်သည့်အခါ ယခင်တစ်ခေါက်က အတွေ့အကြုံကို ယူလာသည်။ မုန့်ကောင်းခဲ့သလား။ မှာထားသည့် အချိန်ရခဲ့သလား။ ပြဿနာကို ပြောပြသောအခါ နားထောင်ပေးခဲ့သလား။ ထိုအတွေ့အကြုံများက ကြော်ငြာစာသားထက် ပိုကြာကြာ မှတ်မိစေနိုင်သည်။

အရည်အသွေးအသိအမှတ်ပြုလက်မှတ်သည် သက်ဆိုင်ရာစံနှုန်းနှင့် ကိုက်ညီမှုကို ပြသရာတွင် တန်ဖိုးရှိသည်။ သို့သော် နေ့စဉ်ထုတ်လုပ်မှု၌ အရည်အသွေးထိန်းသိမ်းခြင်းက ဆက်လုပ်ရသောအလုပ်ဖြစ်သည်။ လုပ်ငန်းနှင့်သက်ဆိုင်သော လိုင်စင်၊ ဘေးကင်းရေး၊ အညွှန်းဖော်ပြမှု ဆိုင်ရာ လိုအပ်ချက်များကိုလည်း သိရှိလိုက်နာရမည်။

မည်သည့်ကုန်ကြမ်းကို သုံးခဲ့ပြီး မည်သည့်နေ့ရာသို့ ကုန်ပို့ခဲ့သလဲ ပြန်ရှာနိုင်လျှင် ပြဿနာဖြစ်ချိန်၌ ထိခိုက်နိုင်သည့်ကုန်များကို ခွဲခြားရပို့လွယ်သည်။ တိုင်ကြားချက်ကို ဖြေရှင်းပြီး အကြောင်းရင်းပါ ပြင်နိုင်မှ ပေးမည်ဆိုလျှင် ဝမ်းသာစရာဖြစ်သည်။ သို့သော် ကုန်ဘယ်လောက် ပို့ရမည်၊ ဘယ်တော့ငွေချေမည်၊ မရောင်းရသောကုန်ကို ဘယ်သူတာဝန်ယူမည်ဆိုသည်ကို အရင်သိရမည်။ အရောင်းနေရာတိုးလာသည်နှင့်အမျှ ကုန်လက်ကျန်၊ ပို့ဆောင်စရိတ်နှင့် ငွေစောင့်ရသည့်ကာလအတွက် မိမိခံနိုင်၊ မခံနိုင်တွက်ပြီးမှ ဝင်သင့်သည်။

ပြည်ပစျေးကွက်အတွက်ဆိုလျှင် ဝယ်သူ၏သတ်မှတ်ချက်၊ သက်ဆိုင်ရာနိုင်ငံ၏ စည်းမျဉ်း၊ ထုပ်ပိုးအညွှန်းနှင့် ကုန်ပစ္စည်း အမျိုးအစားအလိုက် လိုအပ်ချက်များကို ကြိုတင်စစ်ဆေးရမည်။ ထို့ကြောင့် ပို့ကုန်အဆင့်သင့်ဖြစ်ရေးသည် ကုန်ပို့မည့်နေ့မတိုင်မီ လုပ်ငန်းထဲ၌ စတင်ပြင်ဆင်ရသော အလုပ်ဖြစ်သည်။

အကူအညီ၏အကျိုးကို ရလဒ်ဖြင့်စစ်ဆေးခြင်း

သင်တန်းအကြိမ်ရေ၊ ပြပွဲအရေအတွက်နှင့် ထုတ်ပေးသောချေးငွေပမာဏတို့က အကူအညီအစီအစဉ်၏ လုပ်ဆောင်မှုကိုပြသည်။

သင်တန်းတက်ပြီးနောက် အလေအလွင့်လျော့သလား။ ဖောက်သည်အသစ်များ ထပ်မံဝယ်ယူလာသလား။ ဝန်ထမ်းအလုပ်အကိုင် ပိုတည်ငြိမ်လာသလား။ ချဲ့ထွင်လိုသူက မိမိခံနိုင်သော အတိုင်းအတာဖြင့် ချဲ့ထွင်နိုင်သလား။ ထိုပြောင်းလဲမှုများကိုသိမှ မည်သည့် အကူအညီက အလုပ်ဖြစ်သည်ကို ခွဲခြားနိုင်မည်။

ရောင်းအားကျပ်ငွေပမာဏတက်လာလျှင်လည်း စျေးတက်လို့လား၊ ရောင်းချသည့်အရေအတွက်တိုးလို့လား ခွဲကြည့်ရမည်။ ကုန်ကျစရိတ်နှုတ်ပြီး အမြတ်ပိုကျန်သလားဆိုသည်က ပိုအရေးကြီးသည်။ အကူအညီမရမီနှင့် ရပြီးနောက် ရလဒ်ကို နှိုင်းယှဉ်ရာတွင် အခြား

> **"အာဆီယံ၏ MSME ဖွံ့ဖြိုးရေး ၂၀၂၆–၂၀၃၀ အစီအစဉ်တွင် ဒေသတွင်းနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်ဖြန့်ချိမှု ကွင်းဆက်များနှင့်ချိတ်ဆက်ရေး၊ ဒီဂျစ်တယ်နှင့် နည်းပညာပြောင်းလဲရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေသည့် လုပ်ငန်းများဆီသို့ အသွင်ကူးပြောင်းရေးတို့ကို အဓိကရည်မှန်းချက်များအဖြစ် သတ်မှတ်ထားသည်။ လုပ်ငန်းငယ်တစ်ခုအတွက် ယင်းတို့ကို လက်တွေ့ချိတ်ဆက်ရာတွင် စာရင်းမှန်အောင်လုပ်ခြင်း၊ စွမ်းအင်နှင့် ကုန်ကြမ်းအလေအလွင့် လျော့ချခြင်းတို့မှ စတင်စဉ်းစားနိုင်သည်။"**

ဖောက်သည်၏ယုံကြည်မှုကို ထိန်းနိုင်မည်။

ဒီဂျစ်တယ်ကိရိယာကို လုပ်ငန်းလိုအပ်ချက်နှင့် ချိတ်ဆက်ခြင်း

Facebook စာမျက်နှာက အော်ဒါရအောင် ကူညီနိုင်သည်။ ဒီဂျစ်တယ်ကိရိယာတစ်ခုလွှဲမည်ဆိုလျှင် မိမိမသိသေးသော မည်သည့်အချက်ကို ပို့လွယ်ကူစွာ သိစေမည်လဲဟု အရင်မေးသင့်သည်။

စာရင်းစာအုပ်ဖြင့် စတင်နိုင်သကဲ့သို့ အသုံးပြုရလွယ်သော ကွန်ပျူတာစာရင်းဇယားဖြင့်လည်း စတင်နိုင်သည်။ ဆော့ဖ်ဝဲရှိခြင်း ထက် အချက်အလက်မှန်မှန်ထည့်ပြီး ဆုံးဖြတ်ရာတွင် သုံးတတ်ခြင်းက အရေးကြီးသည်။ လျှပ်စစ်၊ အင်တာနက်နှင့် ဝန်ထမ်းကျွမ်းကျင်မှုတို့ အပေါ် မူတည်၍ ကိရိယာရွေးရမည်။ ဒီဂျစ်တယ်စနစ်သုံးလျှင် အချက်အလက်မိတ္တူသိမ်းခြင်းနှင့် အသုံးပြုခွင့်သတ်မှတ်ခြင်းကိုပါ တွဲလုပ်ရမည်။

အာဆီယံ၏ MSME ဖွံ့ဖြိုးရေး ၂၀၂၆–၂၀၃၀ အစီအစဉ်တွင် ဒေသတွင်းနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်ဖြန့်ချိမှု ကွင်းဆက်များနှင့် ချိတ်ဆက်ရေး၊ ဒီဂျစ်တယ်နှင့် နည်းပညာပြောင်းလဲရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေသည့် လုပ်ငန်းများဆီသို့ အသွင်ကူးပြောင်းရေးတို့ကို အဓိကရည်မှန်းချက်များအဖြစ် သတ်မှတ်ထားသည်။ လုပ်ငန်းငယ်တစ်ခုအတွက် ယင်းတို့ကို လက်တွေ့ချိတ်ဆက်ရာတွင် စာရင်းမှန်အောင်လုပ်ခြင်း၊ စွမ်းအင်နှင့် ကုန်ကြမ်းအလေအလွင့် လျော့ချခြင်းတို့မှ စတင်စဉ်းစားနိုင်သည်။

စျေးကွက်ချဲ့ခြင်းမတိုင်မီ ပြင်ဆင်ရမည့်အရာများ

လုပ်ငန်းတိုင်းသည် ရပ်ကွက်မှ တစ်နိုင်ငံလုံး၊ ထို့နောက် ပြည်ပသို့ အဆင့်တူတက်သွားရန် မလိုပါ။ ပြည်တွင်းစျေးကွက်မှာပင် ခိုင်မာစွာ ရပ်တည်နိုင်သလို ပို့ကုန်လုပ်ငန်းတစ်ခု၏ ပစ္စည်းပေးသွင်းသူအဖြစ်လည်း ပါဝင်နိုင်သည်။ မိမိတတ်နိုင်သော အလုပ်နှင့် အကျိုးရှိသော စျေးကွက်ကို ချိတ်ဆက်နိုင်ဖို့က အဓိကဖြစ်သည်။

ဆိုင်ခွဲများစွာရှိသော အရောင်းကွန်ရက်တစ်ခုက လက်ခံရောင်းချ စျေးကွက်ပြောင်းလဲမှုများ၏ သက်ရောက်မှုကိုပါ ထည့်တွက်ရမည်။

ဘဏ်များဘက်တွင် လုပ်ငန်း၏ ငွေဝင်ငွေထွက်ကာလနှင့် ကိုက်ညီသော ဝန်ဆောင်မှုများလိုသည်။ ကုမ္ပဏီကြီးတစ်ခုအတွက်မူ ပေးသွင်းသူလုပ်ငန်းငယ်အား သဘောတူထားသည့်အချိန်၌ ငွေချေပေးခြင်းကပင် တိုက်ရိုက်အထောက်အကူဖြစ်သည်။

အသင်းအဖွဲ့နှင့် နည်းပညာအဖွဲ့အစည်းများက သင်တန်းခန်းမ အပြင်ဘက်အထိ ဆက်ကူညီပေးနိုင် သည်။ သင်ပေးထားသည့်နည်းကို လုပ်ငန်းခွင်၌ ဘာကြောင့်အသုံးမချနိုင်သေးသလဲဆိုသည်ကို လိုက်ကြည့်ပေးခြင်းမျိုးဖြစ်သည်။ လုပ်ငန်းရှင်ဘက်ကလည်း စာရင်းအမှန်ကို ပြနိုင်ခြင်း၊ လိုအပ်သည့်ပညာကို သင်ယူခြင်းနှင့် သဘောတူထားသည့်တာဝန်ကို ထမ်းဆောင်ခြင်းတို့ဖြင့် ပူးပေါင်းရမည်။

မနက်ဖြန် ပြန်ဖွင့်နိုင်သော ဆိုင်တစ်ဆိုင်

မနက်အစောပိုင်းက လက်ဖက်ရည်ဆိုင်လေးကို ပြန်စဉ်းစားကြည့်မိသည်။ ထိုဆိုင်သည် တစ်နေ့တွင် ဆိုင်ခွဲများစွာရှိသော လုပ်ငန်းဖြစ်လာနိုင်သည်။ သို့မဟုတ် ထိုနေရာမှာပင် ရပ်ကွက်၏ ယုံကြည်စိတ်ချရသော ဆိုင်တစ်ဆိုင်အဖြစ် နှစ်ပေါင်းများစွာ ရပ်တည်သွားနိုင်သည်။

ညဆိုင်ပိတ်ချိန်တွင် ရောင်းရငွေကို ရေတွက်ရုံနှင့် တစ်နေ့တာ စာရင်း မပြီးသေးပါ။ ကုန်ဖိုး၊ လစာနှင့် အခြားကုန်ကျစရိတ်များနုတ်ပြီး ဘယ်လောက်ကျန်သလဲ။ မနက်ဖြန်ဆိုင်ဖွင့်ရန် ဘာလိုသေးသလဲ။ ထိုမေးခွန်းများကို ပို့ရှင်းလင်းစွာဖြေနိုင်လာခြင်းက ဆိုင်လေး၏ အနာဂတ်အတွက် အဓိပ္ပာယ်ရှိသည်။

နိုင်ငံစီးပွားရေးအင်အားကို တည်ဆောက်ရာတွင် ထိုဆိုင်ငယ်များ၏ နေ့စဉ်ရပ်တည်နိုင်မှုလည်း ပါဝင်နေသည်။ MSME ဖွံ့ဖြိုးရေး၏ ရလဒ်စာရင်းထဲ၌ စက်ရုံအသစ်များ၊ ပို့ကုန်အသစ်များနှင့်အတူ ဝန်ထမ်းလစာ မုန့်မုန့်ပေးနိုင်လာသော ဆိုင်ငယ်လေးများသည်လည်း အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

ဒီပါဝလီပွဲတော်အထိမ်းအမှတ် ပြည်ပရောက်မြန်မာနိုင်ငံသားများက စားသောက်ကုန်နှင့် ငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁

ဟိန္ဒူဘာသာဝင်တို့၏ အထင်ကရ မီးထွန်းပွဲတော်တစ်ခုဖြစ်သည့် ဒီပါဝလီနေ့အထိမ်းအမှတ်အဖြစ် ပြည်ပရောက်မြန်မာနိုင်ငံသားများက စားသောက်ကုန်နှင့် ငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောက်တန်းမြို့နယ် စံတော်မီအဆင့်(၂)ရပ်ကွက် မီးရမားကားလီဘုရားကျောင်း၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် အလှူရှင်များကိုယ်စား ဝန်ကွန်းတမိလ် ပရဟိတအသင်းဥက္ကဋ္ဌ ဦးသိန်းတန်က ဒီပါဝလီပွဲတော်တွင် အသုံးပြုမည့်ပစ္စည်းများ၊ အစားအစာနှင့် ငွေတို့ကို မီးရမားကားလီဘုရားကျောင်းမှ တာဝန်ရှိသူများထံပေးအပ်ရာ ဘုရားကျောင်းတာဝန်ခံက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဒီပါဝလီပွဲတော်အထိမ်းအမှတ် လှူဒါန်းပွဲတွင် တစ်ဦးလျှင် ဂျုံ၊ ကုလားပဲ၊ မတ်ပဲ၊ သကြားနှင့် အခြားပစ္စည်းများ၊ ဒံပေါက်ထမင်းနှင့်



ငွေကျပ် ၈၀၀၀၀ ဖြင့် စုစုပေါင်း ၁၈၅ ဦးအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဥဿာ၊ ဓာတ်ပုံ - ကိုလွင်

ငါးသိုင်းချောင်းမြို့၌ မြို့ကြက်ခြေနီအသင်းခွဲငယ်မှ ရေဘေးကယ်ဆယ်ရေး ပါဝင်ဆောင်ရွက်သူများအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ငါးသိုင်းချောင်း နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ရေဘေးကယ်ဆယ်ရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော မြို့ကြက်ခြေနီ



အမှုဆောင်များ၊ ကြက်ခြေနီတပ်ဖွဲ့အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရာသက်ပန်အသင်းဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ငါးသိုင်းချောင်းမြို့ အမျိုးသားနန်းမ၌ ကျင်းပသည်။

ပေးအပ်

ဦးစွာ ရေကြည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးသန်းဇော်လင်းက အမှာစကားပြောကြားကာ ရေကြည်မြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးမောင်မောင်အေးက ကြက်ခြေနီ၏ အခြေခံမူများနှင့် ဖွဲ့စည်းပုံများအကြောင်း၊ ရေဘေးတွင်ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များအား အထူးပင် ဂုဏ်ယူမိကြောင်းပြောကြားကာ မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ငါးသိုင်းချောင်း(ပြန်/ဆက်)

မြစ်သားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းပြန်လည်ရောက်ရှိလာသူအား ဂုဏ်ပြုကြိုဆို

မြစ်သား နိုဝင်ဘာ ၁

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း အပတ်စဉ်(၆/၂၀၂၄)တွင် ကျေပွန်စွာတာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိသူအား လွှတ်တော်ကိုယ်စားလှယ်များက နိုဝင်ဘာ ၁ ရက်တွင် မြို့မအရှေ့ရပ်ကွက် ကင်းတားဝန်းရပ်၌ ဂုဏ်ပြုကြိုဆိုခဲ့သည်။

ထိုသို့ ဂုဏ်ပြုကြိုဆိုရာတွင် ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိသူ ဦးရဲဇော်အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မအရှေ့ရပ်ကွက်နေ ပြည်သူများက



အောင်သပြေပန်းများ၊ အမှတ်တရလက်ဆောင်များဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီး မြို့နယ် နာတိုက် - မကန်နောင် ကျေးရွာချင်းဆက် အမာခံလမ်း လေးမိုင်အနက် တစ်မိုင် နှစ်ဖာလုံ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ခန္ဓီးမြို့နယ် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိကျေးရွာ ငါးရွာရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၁၂)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကြီး ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

(၁၂)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ - The 12th Thailand Education Fair (Myanmar) ၂၀၂၆ ကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel၊ Grand Ballroom တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးပြပွဲတွင် နာမည်ကျော် ထိုင်းတက္ကသိုလ် ၂၉ ခု မှ ကျောင်းသား ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်းများအတွက် ပြသသွားမည်ဖြစ်ပြီး မိမိစိတ်ဝင်စားသည့် Major & Programs များဖြစ်သော Admission Requirements၊ Tuition Fees & Living Costs၊ Scholarship Opportunities၊ International Programs၊ Credit Transfer & Study Pathways၊ Application Procedures၊ ဘွဲ့ရပြီးနောက် Career Opportunities အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ စသည့် အချက်အလက်များကို သက်ဆိုင်ရာ University Representatives များထံ တိုက်ရိုက်မေးမြန်းနိုင်မည်ဖြစ်သည်။

ထို့ပြင် တက္ကသိုလ်တစ်ခုချင်းစီအလိုက် ၁၀၀ ရာခိုင်နှုန်း Fully Funded နှင့် Partial Scholarships အပါအဝင် ပညာသင်ဆု အခွင့်အလမ်းများကို စုံစမ်းနိုင်မည်ဖြစ်သည်။

ထို့ပြင် Grade 11 & Grade 12 Students: University ကို ဆက်လက်တက်ရောက်ရန် ကြိုတင်စီစဉ်နေသူများ၊ High School Graduates: Bachelor's Degree အတွက် University နှင့် Program ရွေးချယ်နေသူများ၊ GED / IGCSE Students & Graduates: မိမိ Academic Background နှင့် သင့်တော်သည့် Study Pathway ကို ရှာဖွေနေသူများ၊ University Students: Credit Transfer, Top-up, Exchange သို့မဟုတ် Postgraduate Opportunities များအား စိတ်ဝင်စားသူများ၊ Parents & Teachers: သားသမီးများအတွက် International Education Opportunities များကို လေ့လာနေသူများ အနေဖြင့် အခမဲ့ဝင်ရောက်လေ့လာစုံစမ်းနိုင်မည်ဖြစ်သည်။

ပညာရေးပြပွဲနေ့တွင် ထိုင်းနိုင်ငံရှိ တက္ကသိုလ်များမှ ဘွဲ့ရရှိထားသော AMAUT Alumni များ၏ အတွေ့အကြုံနှင့် အကြံပြုချက်များကိုလည်း နားဆင်နိုင်မည့် Alumni Sharing ၊ Panel Discussion အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် AMAUT အသင်း၏ ကျွမ်းကျင်သည့် အဖွဲ့ဝင်များက ကျောင်းရွေးချယ်ခြင်းမှစတင်ကာ လျှောက်လွှာတင်ခြင်း၊ Admission ရရှိသည်အထိ လိုအပ်သည့်အဆင့်တိုင်းကို One-Stop Service ဖြင့် လမ်းညွှန်ကူညီပေးသွားမည်ဖြစ်ပြီး မိမိနှင့် သင့်တော်သည့်ကျောင်းနှင့် Program ကို ရွေးချယ်နိုင်ရေးနှင့် ကျောင်းဝင်ခွင့်ရရှိသည်အထိ အကူအညီ ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

သရက်မြို့၌ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

သရက် နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သရက်ခရိုင်ဘဏ်ခွဲသည် ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၂၆ အုပ်စုရှိ တောင်သူ ၁၃၀၂ ဦးတို့အား အခြားသီးနှံ ဧက ၄၆၇၆ ဧကအတွက် ထုတ်ချေးမည့် ငွေကျပ် ၁၁၆၉၀ ဒသမ ၀၀ သိန်းကို ၅၀ ရာခိုင်နှုန်း ငွေသား+ ၅၀ ရာခိုင်နှုန်း Mobile Payment ဖြင့် ထုတ်ချေးရန် လျာထားသတ်မှတ်ထားရှိသည်။

သရက်မြို့တွင် အောက်တိုဘာ ၂၉ ရက်မှစတင်၍ ကျေးရွာအုပ်စုသုံးအုပ်စု၊ တောင်သူဦးရေ ၄၁ ဦးသို့ အခြားသီးနှံ တစ်ဧကလျှင် ၂ ဒသမ ၅၀ သိန်းနှုန်းဖြင့် ချည်မျှင်ရှည်ပါ(ရိုးရိုး) ၁၀၅ ဧက၊ အခြားသီးနှံ ၄၁ ဧက အတွက် ၂၀၂၆ ဆောင်းရာသီချေးငွေကျပ် ၃၆၅ ဒသမ ၀၀ သိန်းကို ထုတ်ချေးပြီးဖြစ်ကြောင်းနှင့် ဆောင်းသီးနှံများအတွက် ထုတ်ချေးငွေများကို ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ ၂၀၂၇ ခုနှစ် ဧန်နဝါရီလကုန် အထိတောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်လှလင်(သရက်)



ဂျပန်နိုင်ငံတွင် နိုင်ငံခြားခရီးသွားများအတွက် အခွန်ပြန်အမ်းစနစ်သစ် စတင်ကျင့်သုံး

တိုကျို နိုဝင်ဘာ ၁

ဂျပန်နိုင်ငံသည် နိုင်ငံခြားခရီးသွားများအတွက် ယခင်အခွန်ကင်းလွတ်ဈေးဝယ်စနစ်ကို အစားထိုးသည့် အခွန်ပြန်အမ်းစနစ်သစ်တစ်ရပ်ကို နိုဝင်ဘာ ၁ ရက်မှစပြီး ကျင့်သုံးခဲ့ကြောင်း သိရသည်။ ယင်းပြောင်းလဲမှုသည် ယခင်စနစ်ကို ဆက်လက်အလွဲသုံးစားပြုမှုများ ရှိနေခြင်းကြောင့် ဆောင်ရွက်ခြင်းဖြစ်သည်။

စနစ်သစ်အရ နိုင်ငံခြားခရီးသွားများသည် အခွန်ကင်းလွတ်ခွင့်ရရှိနိုင်သည့် ကုန်ပစ္စည်းများကို ဝယ်ယူရာတွင်ပင် စားသုံးခွန်အပါအဝင် သက်မှတ်ဈေးနှုန်းအတိုင်း ဦးစွာပေးချေရမည်ဖြစ်သည်။ ထို့နောက် ခရီးသွားများ နိုင်ငံမှထွက်ခွာချိန်တွင် ဝယ်ယူထားသည့်ပစ္စည်းများကို နိုင်ငံပြင်ပသို့ ယူဆောင်သွားမည်ဖြစ်ကြောင်း အကောက်ခွန်ဌာနက အတည်ပြုပြီးနောက် လက်လီရောင်းချသူများထံမှ စားသုံးခွန်နှင့်ညီမျှသည့် ငွေပမာဏကို အကြွေးဝယ်ကတ်များနှင့် ငွေပေးချေမှုအက်ပ်များမှတစ်ဆင့် ပြန်လည်ရရှိမည်ဖြစ်သည်။

အခွန်ပြန်အမ်းခြင်းလုပ်ငန်းစဉ်ကို ကုန်ပစ္စည်းဝယ်ယူသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်သည်။

ယခင်စနစ်အရနိုင်ငံခြားသားခရီးသွားများသည် အခွန်ကင်းလွတ်ခွင့်ရရှိသည့် ကုန်ပစ္စည်းများကို စားသုံးခွန်ပေးဆောင်ခြင်းမရှိဘဲ ဝယ်ယူနိုင်ခဲ့ကြသည်။ လက်လီရောင်းချသူများသည် ဝယ်ယူသူ၏ နိုင်ငံကူးလက်မှတ်ကို စစ်ဆေးရပြီး ဝယ်ယူထားသည့် ပစ္စည်းများကို နိုင်ငံပြင်ပသို့ ယူဆောင်သွားရမည်ဖြစ်ကြောင်း အသိပေးရသည်။ ထို့ပြင် ရောင်းချသူများသည် ကြိုတင်ပေးဆောင်ထားသည့် စားသုံးခွန်များကို အစိုးရထံမှ ပြန်လည်တောင်းခံခွင့်ရှိခဲ့သည်။

သို့သော် အဆိုပါအခွန်ကင်းလွတ်ခွင့်စနစ်ကို အလွဲသုံးစားပြုမှုများ အကြိမ်ကြိမ်ပေါ်ပေါက်ခဲ့သည်။ အချို့ဖြစ်စဉ်များတွင် အခွန်ကင်းလွတ်ခွင့်ဖြင့် ဝယ်ယူထားသည့် ကုန်ပစ္စည်းများကို အမြတ်ရရှိရန် ရည်ရွယ်၍ ဂျပန်နိုင်ငံအတွင်း ပြန်လည်ရောင်းချခဲ့ကြသည်။ အခြားဖြစ်စဉ်များတွင်လည်း လက်လီရောင်းချသူများက စားသုံးခွန်ပြန်အမ်းငွေကို မသမာသောနည်းလမ်းဖြင့် တောင်းခံခဲ့ကြသည်။



စနစ်သစ်တွင် နိုင်ငံခြားခရီးသွားများကိုယ်တိုင် အခွန်ပြန်အမ်းခြင်းလုပ်ငန်းစဉ်ကို အပြီးဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယခင်စနစ်ကဲ့သို့ အလွဲသုံးစားပြုမှုများကို ပိုမိုထိရောက်စွာ တားဆီးနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ **အင်နှစ်အိတ်ချ်ကေ**

အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများကို ကိုင်တွယ်ရန် ဘိုလီဗီးယားနိုင်ငံ၌ အရေးပေါ်အခြေအနေကြေညာ

လီမာ နိုဝင်ဘာ ၁

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဘိုလီဗီးယားသမ္မတ ရိုဒရီဂိုပျဲဇ်က နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကြေညာသည့် အမိန့်တစ်ရပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ဒေသအများအပြားတွင် ဖြစ်ပွားနေသည့် မိုးခေါင်ရေရှားမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လာမည့်လများအတွင်း ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများအတွက် ကြိုတင်ပြင်ဆင်ရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း သမ္မတပျဲဇ်က ပြောကြားခဲ့သည်။

ယင်းအစီအမံသည် ငွေကြေးနှင့် လူစွမ်းအားအရင်းအမြစ်များကို စုစည်းအသုံးချနိုင်ရန်၊



အစိုးရဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်နှင့် ဘေးဒဏ်သင့်မိသားစုများကို ကူညီထောက်ပံ့နိုင်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ရှာဖွေရန် ရည်ရွယ်ကြောင်း ၎င်းက ဆိုသည်။

ထို့ပြင်ရာသီဥတုဆိုင်ရာ သဘာဝေးအန္တရာယ် များကြောင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများကို လျော့ချရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

လက်ရှိတွင် ဘိုလီဗီးယားနိုင်ငံ၌ ဒေသခံလူမှုအသိုက်အဝန်းဒေသ ခုသည်မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားနေရပြီး မွေးမြူရေးကဏ္ဍာတွင်လည်း တိရစ္ဆာန်အစာ ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သမ္မတပျဲဇ်က ပြောကြားခဲ့သည်။

နိုင်ငံ၏ ပြည်နယ်ကိုးခုအနက် ပြည်နယ်ခြောက်ခုရှိ မိသားစု ၈၀၀၀၀ နီးပါးသည် ရေပြတ်လပ်မှုဒဏ်ကို ခံစားခဲ့ရပြီး မိုးခေါင်ရေရှားမှုကြောင့် မွေးမြူရေးတိရစ္ဆာန် ကောင်ရေ ၇၅၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

အယ်လ်နီညိုသည် အီကွေတာပစိဖိတ်သမုဒ္ဒရာ၏ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများရှိ ပင်လယ်ရေမျက်နှာပြင် အပူချိန် ပုံမှန်ထက် မြင့်တက်လာသည့် ရာသီဥတုဖြစ်စဉ်တစ်ခု ဖြစ်ပြီး ကမ္ဘာ့ဒေသအများအပြားတွင် ပုံမှန်မဟုတ်သော ရာသီဥတုပြောင်းလဲမှုများကို ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ

AI Chatbot များ၏ အန္တရာယ်မှ အသက် ၁၈နှစ်အောက်လူငယ်များကို ကာကွယ်ရန် နယူးယောက်ပြည်နယ် ဥပဒေပြဋ္ဌာန်း

နယူးယောက် နိုဝင်ဘာ ၁

ဥဏ္ဍာရည်တုနည်းပညာသုံး စကားပြောစက်ရုပ်များကြောင့် အသက်မပြည့်သေးသူများ ရင်ဆိုင်နေရသည့် အန္တရာယ်များကို ကာကွယ်နိုင်ရန် ရည်ရွယ်သည့် ဥပဒေတစ်ရပ်ကို နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး ကောသီဟိုချူးလ်က လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေအရ အသက် ၁၈ နှစ်အောက် အသုံးပြုသူများအတွက် လူသားတစ်ဦးကဲ့သို့ ဟန်ဆောင်ပြောဆိုခြင်း၊ စိတ်ပိုင်းဆိုင်ရာ မှီခိုမှုဖြစ်ပေါ်စေခြင်း၊ မိမိကိုယ်ကို အန္တရာယ်ပြုရန် အားပေးခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စကားဝိုင်းများ ပြုလုပ်ခြင်းစသည့် လုပ်ဆောင်ချက်များကို ကုမ္ပဏီများက တားမြစ်ပိတ်ပင်ရမည်ဖြစ်သည်။

ဥပဒေကို ချိုးဖောက်သည့် ကုမ္ပဏီများအနေဖြင့် အမေရိကန်ဒေါ်လာ ၂၅၀၀၀ အထိ ဒဏ်ကြေးပေးဆောင်ရန်ရှိပြီး ပြည်နယ်ရှေ့နေချုပ်က အရေးယူတောင်းဆိုနိုင်ကြောင်း သိရသည်။ ထို့ပြင် Chatbot ကုမ္ပဏီများ၏ ဥပဒေချိုးဖောက်မှု ဖြစ်ခဲ့ခြင်းများနှင့်ပတ်သက်၍ နယူးယောက်ပြည်နယ်နေ ပြည်သူများ တိုင်ကြားနိုင်မည့် အများပြည်သူသုံးဝက်ဘ်ဆိုက်တစ်ခုကိုလည်း ထူထောင်သွားမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်အချို့သည် ကလေးသူငယ်များ Chatbot အသုံးပြုမှုကို ကန့်သတ်ရန်နှင့် AI ကုမ္ပဏီများအပေါ် ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းများ ပိုမိုတင်းကျပ်စေရန် ဥပဒေများ ပြဋ္ဌာန်းလျက်ရှိသည်။ **ဆင်ဟွာ**

ကမ္ဘောဒီးယား၌ တရုတ်နဂါးလှေပြိုင်ပွဲကျင်းပ

ဖနောင်ပင် နိုဝင်ဘာ ၁

ကမ္ဘောဒီးယားနိုင်ငံ တောင်ပိုင်းတကဲအိုပြည်နယ်တွင် တရုတ်နဂါးလှေပြိုင်ပွဲကို အောက်တိုဘာ ၃၁ရက်က ကျင်းပခဲ့ရာ ဒေသခံပေါင်းများစွာ တက်ရောက်အားပေးခဲ့ကြောင်း တကဲအိုပြည်နယ်အုပ်ချုပ်ရေးမှူး ဗေး ဆမ်နန်က ပြောကြားသည်။ အဆိုပါပွဲတော်တွင် နဂါးလှေ ၃၆စင်းနှင့် အတူလှေထိုးသားရာပေါင်းများစွာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါပွဲတော်တွင် နဂါးလှေပြိုင်ပွဲများအပါအဝင် ဂီတဖျော်ဖြေပွဲများ၊ ရိုးရာအနုပညာ ဖျော်ဖြေတင်ဆက်မှုများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် အစားအစာများ ပြသရောင်းချခြင်းတို့ ပါဝင်ပြီး ဒေသတစ်ခု ထုတ်ကုန်တစ်ခု စီမံကိန်းမှ ထုတ်ကုန်များလည်း ပါဝင်ပြသခဲ့ကာ ညအချိန်တွင် မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့



ကြောင်း လူမှုမီဒီယာတွင် ၎င်းက ပြောကြားသည်။

နိုင်ငံတကာနှင့် ပြည်တွင်းမှ ခရီးသွားများအနေဖြင့် တက်ကြွပြီး ရှေးယခင်ကတည်းက တည်ရှိခဲ့သည့် ယခုကဲ့သို့သော ရိုးရာယဉ်ကျေးမှုကို ခံစားနိုင်ရေးအတွက် ပြည်နယ်အတွင်းသို့ လာရောက်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ သမိုင်းဝင်လှေပြိုင်ပွဲများသည် ၁၁ ရာစုနှောင်းပိုင်းရှေးခမာအင်ပါယာခေတ်က ခမာရေတပ်အင်အားကို ဂုဏ်ပြုဖော်ညွှန်းထားခြင်း ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

အမေရိကန်၌ အသက် ၁၅နှစ်အရွယ် ဂါနာနိုင်ငံသား သတ်ဖြတ်ခံရမှုအပေါ်ရှုတ်ချကြောင်း ဂါနာပြောကြား

အက်ကရာ နိုဝင်ဘာ ၁

အမေရိကန်နိုင်ငံတွင် အမည်မသိသေနတ်သမားများက အသက် ၁၅နှစ်အရွယ် ဂါနာနိုင်ငံသားအား ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းအပေါ် ရှုတ်ချကြောင်း ဂါနာအစိုးရက ပြောကြားသည်။

အဆိုပါဖြစ်ရပ်အတွက် အမေရိကန်ဘက်မှ တိကျသည့်စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ပေးရန်နှင့် ပြစ်မှုကျူးလွန်သူများအား ဥပဒေအရ အရေးယူအပြစ်ပေးနိုင်ရေး ဆောင်ရွက်ပေးရန် ဂါနာအစိုးရက အမေရိကန်တာဝန်ရှိသူများအား ပန်ကြားကြောင်း ဂါနာနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

နယူးယောက်မြို့ ဘရွန်စ်ဒေသတွင် ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့သည့် ဂါနာနိုင်ငံသား လူငယ် ဂျာဒီဖရွန်ပွန်၏ ဖခင်ဖြစ်သူ သောမတ် ဖရွန်ပွန်ထံသို့ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဂါနာအမြဲတမ်းမစ်ရှင်မှ တာဝန်ရှိသူများ သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဂါနာနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့လာခဲ့သည့် ၎င်းသည် ဝမ်းဗိုက်တွင် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီးနောက်ပိုင်းတွင် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

၂၃၀ ကေဗွီ တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ အကြမ်းဖက်သမားများက FPV Drone များဖြင့် တိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၁

အကြမ်းဖက် သမားများ အကြိမ်ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့သည့် ၂၃၀ ကေဗွီ တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်းရှိ တာဝါတိုင်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများသည် လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီ ၅၈ မိနစ်ခန့်တွင် အကြမ်းဖက်သမားများက အဆိုပါ လုပ်ငန်းခွင် အတွင်းသို့ FPV Drone များဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

ဖောက်ခွဲဖျက်ဆီးခံရ

အဆိုပါ ၂၃၀ ကေဗွီ တောင်ငူ–သာယာကုန်း ဓာတ်အားလိုင်းသည် မြန်မာပြည်အထက်ပိုင်းရှိ ရေအားလျှပ်စစ် စက်ရုံများမှ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် မြန်မာပြည် အောက်ပိုင်းရှိ ဓာတ်အားသုံးစွဲနေသော ပြည်သူများထံသို့ ဓာတ်အားပို့လွှတ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆိုပါ ဓာတ်အားလိုင်းရှိ တာဝါတိုင်များအား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၀၂၄ ခုနှစ်၊ ဧန်နဝါရီ ၃ ရက်နှင့် ဧန်နဝါရီ ၂၃ ရက်တို့တွင် အကြမ်းဖက်သမားများ၏ အကြမ်းကြိမ် ဖောက်ခွဲ ဖျက်ဆီးခံရမှုကြောင့် နေရာများစွာတွင် ပျက်စီးခဲ့ရကြောင်း သိရှိရသည်။

အဆိုပါ ပျက်စီးနေသည့် တာဝါတိုင်များကို ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်သမားများက ယခုကဲ့သို့ FPV Drone များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ တိုက်ခိုက်မှုကြောင့် စက်ကိရိယာ၊ ယန္တရားများ ပျက်စီးခဲ့ကြောင်း၊ ဆက်လက်၍ အဆိုပါဓာတ်အားလိုင်းကို အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် ဓာတ်အားလိုင်း ပြုပြင်ပြီးစီးပါက မဂ္ဂါဝပ်(၂၀၀)ခန့် ပိုမိုပို့လွှတ်နိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀



၂၃၀ ကေဗွီ တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်းပြုပြင်ခြင်း လုပ်ငန်းခွင်သို့ တိုက်ခိုက်သည့် FPV Drone ၏ မှတ်တမ်းပုံ။



၂၃၀ ကေဗွီ တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများ၏ FPV Drone ဖြင့် တိုက်ခိုက်မှုကြောင့် Wheel Loader ၏ ပျက်စီးခဲ့မှုမှတ်တမ်းပုံ။





၂၃၀ ကေဗွီ တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ။





အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တောင်ငူ–သာယာကုန်း ဓာတ်အားလိုင်း ၂၃၀ ကေဗွီ ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။





တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား ၈၃ ဦးအား လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ယုဝရတ်ဟိုတယ်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦး နှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၈၃ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် Laptop မျိုးစုံ အလုံး၄၀၊ ဖုန်းမျိုးစုံ ၈၅ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်







ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူ ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၄၁ ဦးတို့အား ဖမ်းဆီးရမိမှု။





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိသည့် အဆောက်အအုံနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

မြန်အောင်မြို့နယ်၌ မီးလောင်မှု မီးလန့်မှုမဖြစ်ပွားရေး စစ်ဆေး

မြန်အောင် နိုဝင်ဘာ ၁

ရောဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ အယ်လ်နီညို့ဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး မီးလောင်မှု မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် အင်ပင်မြို့ စည်ပင်သာယာရေးဈေး၌ ယနေ့ နံနက်ပိုင်းက စစ်ဆေးသည်။

မြို့နယ်မီးသတ်ဦးစီးမှူး၏ စီမံမှုဖြင့် အင်ပင်နယ်မြေလက်ထောက် မီးသတ်ဦးစီးမှူး ဦးဆောင်ပြီး သန္ဓေတပ်ဖွဲ့ဝင်များ၊ အင်ပင်မြို့ အုပ်ချုပ်ရေးမှူးရုံးအဖွဲ့၊ နယ်မြေရဲစခန်း ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့၊ ဈေးတာဝန်ခံနှင့် မြို့နယ် လျှပ်စစ်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်



ပူးပေါင်းပြီး အင်ပင်မြို့ စည်ပင်သာယာရေးဈေးအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ လျှပ်စစ်ကြိုးသွယ်တန်းထားရှိမှု အခြေအနေများ စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများ အသင့်အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်းနှင့် အသုံးပြုပုံများ ပြသခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီးသတ်စက်/မီးသတ်ရေကန်များ အသင့်အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရောဇဉီးသာ

ကြံခင်းမြို့နယ်၌ မီးလောင်မှု မီးလန့်မှုမဖြစ်ပွားရေး စစ်ဆေး

ကြံခင်း နိုဝင်ဘာ ၁

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး မီးလောင်မှု မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက စည်ပင်သာယာရေးဈေးများ၌ ဆောင်ရွက်သည်။

ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးတင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်ပြီး သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် လျှပ်စစ်ဝန်ထမ်းများ၊ ရပ်ကွက်



အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းပြီး မြို့နယ်စည်ပင်သာယာရေးဈေးများတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ လျှပ်စစ်ကြိုးသွယ်တန်းထားရှိမှု အခြေအနေများ စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများ အသင့်အသုံးပြုနိုင်မှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် အသုံးပြုပုံများ ပြသခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီးသတ်စက်/မီးသတ်ရေကန်များ အသင့်အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းထက်သာ

စူပါအယ်လ်နီညိုကို နေ့စဉ်လက်တွေ့ ရင်ဆိုင်ဖို့

နှစ်နှစ်ကနေ ခုနှစ်နှစ်ကြာရင် ဖြစ်ပေါ်တတ်တဲ့ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဟာ ဒီနှစ်မှာတော့ အောက်တိုဘာလ၊ နိုဝင်ဘာလတို့မှာစပူလာပြီး ဒီဇင်ဘာ ရောစွမတ်ကာလမှာ အဖြင့်ဆုံးအပူချိန်အထိရောက်မှာလို့ ခန့်မှန်းထားရပါတယ်။ ပူပြင်းနေရာကနေ နည်းနည်းစီကျလာပြီး ၂၀၂၇ ခုနှစ် မိုးဦးကျကာလအထိ ပူနေမှာပါတဲ့။

ဒေါက်တာသန်းထွန်း ၆၉ ဆေး၂

အပြင်အပူချိန် ၁ ဒီဂရီစင်တီဂရိတ် တက်လာတိုင်း ခန္ဓာကိုယ်မှာ ပြောင်းလဲမှုတွေဖြစ်တော့တာပါပဲ။ အများနားလည်လွယ်အောင် ဆေးပညာအခေါ်အဝေါ်တွေကို တတ်နိုင်သမျှရှောင်သုံးပြီး ပြောပြပါမယ်။ ခံစားနေရသူတွေကို အများကြီးတွေ့နေရလို့ပါ။ ပြင်ပအပူချိန် ၁ ဒီဂရီတက်လာတိုင်း ကိုယ်အပူချိန်လည်း ၁ ဒီဂရီစင်တီဂရိတ် တက်လာတာ မဟုတ်ပါဘူး။ ချွေးပိုထွက်လာပြီး ရေဓာတ်နဲ့ ဆားဓာတ်ပိုဆုံးရှုံးလာနိုင်တယ်။ နလုံးခုန်မြန်လာပြီး သွေးပေါင်ကျတာ၊ မူးဝေတာဖြစ်နိုင်တယ်။

အပူဒဏ်ကြောလာရင် ကြွက်တက်တာ၊ အားနည်းတာ၊ အပူလွန်ကဲတာဖြစ်နိုင်တယ်။ စိုထိုင်းဆများပြီး ပူနေရင် ချွေးအငွေ့ပြန်ဖို့ခက်လို့ အပူဒဏ်ပိုခံရနိုင်တယ်။ ချွေးမထွက်ရင် ကိုယ်တွင်းအပူမထွက်တော့ဘူး။ အရေးကြီးတာက အပူချိန်တစ်ခုတည်းမဟုတ်ဘဲ စိုထိုင်းဆ၊ နေပူထိတွေ့ချိန်နဲ့ ကိုယ်လက်လှုပ်ရှားမှုတို့ပါ ထည့်တွက်ရတာပါ။ အပူမြင့်ပြီး စိုထိုင်းဆများတဲ့နေရာဆိုတာ လေထဲမှာ ရေငွေ့များပြီး ပူအိုက်စေးထိုင်းနေတဲ့ နေရာမျိုးကိုပြောတာပါ။

အခု အယ်လ်နီညို ပိုခံစားရမယ့်နေရာတွေ

သူက အီကွေတာနဲ့ နီးတဲ့နေရာတွေမှာ ပိုပြီး ရာသီဥတုဖောက်ပြန်မှုကို ပိုခံစားရပါလိမ့်မယ်။ မိမိတို့ အာရှတိုက်တောင်ပိုင်းမှာ အပူချိန်ပြင်းထန်လာမယ်။ ပူပြင်းခြောက်သွေ့တာ ပိုဖြစ်လာမယ်။ မုတ်သုံရာသီလျော့ကျသွားလို့ မိုးအတော်နည်းသွားပဲ့မယ်။

ပင်လယ်ကမ်းရိုးတန်းဒေသတွေ ရန်ကုန်၊ မြိတ်၊ ထားဝယ်၊ မြန်မာနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသတွေလိုမျိုးပါ။ နောက် မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီး အောက်ပိုင်းလိုနေရာတွေပေါ့။

အပူပိုင်းသစ်တောနဲ့ မိုးများတဲ့ဒေသတွေ၊ အရှေ့တောင်အာရှနိုင်ငံတွေ၊ အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသတွေနဲ့ မြို့ပြထူထပ်တဲ့နေရာတွေ ဖြစ်ကြတဲ့ အဆောက်အအုံတွေ၊ ကွန်ကရစ်လမ်းတွေ၊ သစ်ပင်နည်းတဲ့နေရာတွေမှာ အပူပိုခံစားရတတ်ပါတယ်။

ပူလာရင် ခန္ဓာကိုယ်အတွင်းပြောင်းလဲမှုများ

အပြင်က အပူချိန် ၁ ဒီဂရီတက်သွားတာနဲ့ ခန္ဓာကိုယ်ရဲ့ အပူချိန်ထိန်းစက်လို့ ခေါ်ရမယ့် ဦးနှောက်ထဲက ဟိုက်ပိုသဲလမတ်က တန်းအလုပ်လုပ်တယ်။ သွေးကြောတွေ ကျယ်လာပြီး ချွေးတွေထွက်လာမယ်။ နှလုံးက သွေးတွေကို အရေပြားဘက် ပိုစုပ်ထုတ်ပေးရလို့ နလုံးခုန်နှုန်းမြန်လာမယ်။ ရေဓာတ်နဲ့ ဆားဓာတ်တွေ စထွက်ကုန်ပြီပေါ့။ ဒါ လူကိုထိခိုက်စေတဲ့အချက်ပါ။

အပူချိန်ဘယ်လောက်အထိ တက်နိုင်မလဲ

ဒါဆို ဒီအယ်လ်နီညိုမှာ ဘယ်လောက်အထိ အပူချိန်တက်လာမလဲ ခန့်မှန်းရပါမယ်။ စူပါအယ်လ်နီညိုကာလမှာ ပုံမှန်ရာသီဥတုထက် ၃ ဒီဂရီကနေ ၅ ဒီဂရီစင်တီဂရိတ်လောက်အထိ ပိုပူလာနိုင်တယ်တဲ့။ မြန်မာနိုင်ငံရဲ့နွေရာသီအဖြင့်ဆုံးအပူချိန်တွေမှာဆိုရင် တချို့ဒေသတွေမှာ ၄၃ / ၄၄ ဒီဂရီစင်တီဂရိတ်နဲ့အထက်ကိုတောင် ကျော်တက်လာနိုင်တဲ့အထိ ဆိုးရွားတတ်ပါတယ်။ ဒါဟာ အလေးထားစရာပါ။ အခုဆောင်းဝင်လာရင် အေးရမယ့်အစား အပူချိန်ပြင်းထန်လာမှာပါ။ အအေးဆုံးအချိန်မှာ အပူဆုံးအချိန်ဖြစ်သွားမှာပါ။

ဘယ်ဒေသတွေ ပိုထိခိုက်နိုင်သလဲ

ထိခိုက်လွယ်တဲ့နေရာတွေ သိထားဖို့လည်းလိုပါတယ်။ အဓိကကတော့ အလယ်ပိုင်း မိုးခေါင်ရေရှားဒေသတွေဖြစ်တဲ့ ချောက်၊ ရေစကြို၊ ပခုက္ကူ၊ မန္တလေး၊ စစ်ကိုင်းအောက်ပိုင်းနဲ့ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းဒေသတွေမှာ အပူချိန်အဆိုးဆုံး ခံရနိုင်ပါတယ်တဲ့။ ရန်ကုန်လို မြို့ကြီးတွေမှာလည်း ကွန်ကရစ်တောတွေနဲ့ လူဦးရေကျပ်သိပ်မှုကြောင့် အပူလှိုင်းဒဏ်ကို ပိုဆိုးဆိုးရွားရွား ခံစားရနိုင်ပါတယ်။

ပူတဲ့အပြင် တခြားထိခိုက်မှုတွေကော

ရာသီဥတု၊ ဂေဟစနစ်နဲ့ စိုက်ပျိုးရေးကဏ္ဍတွေမှာ ထိခိုက်မှုတွေကိုတော့ အကျဉ်းပဲဖော်ပြပါမယ်။ ရာသီဥတုဘက်မှာဆို မိုးခေါင်တာ၊ မိုးနှောင်းတာ၊ မိုးခေါင်ရေရှားကာလကြာမြင့်တာတွေ ဖြစ်မယ်။ ဂေဟစနစ်ဘက်ကြည့်ပြန်လည်း ရေကန်တွေ၊ ချောင်းတွေခန်းခြောက်ပြီး တောမီးလောင်လွယ်မယ်၊ လူနဲ့တိရစ္ဆာန်တွေ ရေရှားပါးမှုနဲ့ကြုံရမယ်။ စိုက်ပျိုးရေးဘက်မှာဆို သီးနှံစိုက်ချိန်တွေ ရွှေ့ရမယ်၊ ရေမလုံလောက်လို့ သီးနှံအထွက်နှုန်း ထက်ဝက်လောက်အထိ ကျဆင်းသွားနိုင်တယ်။

လေဝင်လေထွက်ကောင်းတဲ့ အဝတ်ပါးပါးဝတ်ပါ။

ရေဆာမှ သောက်တာမျိုးမလုပ်ဘဲ ပုံမှန် ရေသောက်ပါ။ မူးဝေ၊ ခေါင်းကိုက်၊ ပျို့အန်၊ ကြွက်တက်လာရင် အလုပ်ရပ်ပြီး အေးတဲ့နေရာကို ချက်ချင်းရွှေ့ပါ။ စိတ်ရှုပ်ထွေးလာတာ၊ သတိလစ်တာ၊ တက်တာ၊ ကိုယ်အပူအလွန်မြင့်တာဖြစ်ရင် အပူလွန်ကဲမှု အရေးပေါ်အခြေအနေဖြစ်နိုင်လို့ ဆေးကုသမှုချက်ချင်းယူပါ။

အရေးကြီးတဲ့ လေအေးပေးစက်နဲ့ နေနည်း

၁။ အပူချိန်ကို ၂၄ ကနေ ၂၆ ကြား မှာပဲ ပုံမှန်ထားပါ။ ၂၈ အထိဆို ပိုကောင်းပါတယ်။ အကျင့်ပါပဲ။

၂။ ရေဓာတ်မခန်းအောင်ရေမကြောခဏသောက်ပေးပါ။

၃။ အဲကွန်းဆန်ခါတွေကို နှစ်ပတ် သို့မဟုတ် တစ်လတစ်ကြိမ် ပုံမှန်ဆေးကြောပေးပါ။

*** အပြင်အပူချိန် ၁ ဒီဂရီစင်တီဂရိတ်တက်လာတိုင်း ခန္ဓာကိုယ်မှာ ပြောင်းလဲမှုတွေဖြစ်တော့တာပါပဲ။ အများနားလည်လွယ်အောင် ဆေးပညာအခေါ်အဝေါ်တွေကို တတ်နိုင်သမျှရှောင်သုံးပြီး ပြောပြပါ့မယ်။ ခံစားနေရသူတွေကို အများကြီးတွေ့နေရလို့ပါ။ ပြင်ပအပူချိန် ၁ ဒီဂရီတက်လာတိုင်း ကိုယ်အပူချိန်လည်း ၁ ဒီဂရီစင်တီဂရိတ် တက်လာတာမဟုတ်ပါဘူး။ ချွေးပိုထွက်လာပြီး ရေဓာတ်နဲ့ ဆားဓာတ်ပိုဆုံးရှုံးလာနိုင်တယ်။ နှလုံးခုန်မြန်လာပြီး သွေးပေါင်ကျတာ၊ မူးဝေတာဖြစ်နိုင်**

*** အပူပိုင်းသစ်တောနဲ့ မိုးများတဲ့ဒေသတွေ၊ အရှေ့တောင်အာရှနိုင်ငံတွေ၊ အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသတွေနဲ့ မြို့ပြထူထပ်တဲ့နေရာတွေဖြစ်ကြတဲ့ အဆောက်အအုံတွေ၊ ကွန်ကရစ်လမ်းတွေ၊ သစ်ပင်နည်းတဲ့နေရာတွေမှာ အပူပိုခံစားရတတ်**

ကမ္ဘာမှာ ဘယ်အရပ်တွေ ထိခိုက်မလဲ

အရှေ့တောင်အာရှနိုင်ငံတွေမှာ မိုးနည်းခြင်းနဲ့ တောမီးအန္တရာယ်၊ အိန္ဒိယနဲ့ တောင်အာရှမှာတော့ ဖောက်လွဲဖောက်ပြန်လာတော့မယ့် မိုးရာသီနဲ့ စိုက်ပျိုးရေးအပေါ် သက်ရောက်နိုင်လာမှာ အသေအချာပါပဲ။ ဗီရူး၊ အီကွေဒေါနဲ့ တောင်အမေရိက ပစိဖိတ်ကမ်းရိုးတန်းတို့မှာ မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းတွေကို ထိခိုက်လာကြတော့မှာပါ။

သြစတြေးလျနဲ့ အာဖရိကတောင်ပိုင်း တချို့ဒေသတွေ မိုးခေါင်ခြင်းနဲ့ အပူဒဏ်အန္တရာယ် ကျရောက်ဖို့ အလားအလာရှိပြီး အမေရိကတိုက် အချို့ဒေသတွေမှာတော့ မိုးများခြင်း၊ မိုးနည်းခြင်းနဲ့ ဆောင်းရာသီမှာ ရာသီဥတုပုံစံပြောင်းလဲခြင်းတွေ ဖြစ်နိုင်တယ်။ ဒါတွေဟာ ဖြစ်နိုင်ခြေရှိတဲ့ပုံစံတွေပါ။ ကမ္ဘာတစ်ဝန်းလုံး တစ်ပုံစံတည်းမဖြစ်ပါဘူး။ အရှေ့တောင်အာရှမှာ မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ အာဖရိကတိုက်ရဲ့ တောင်ပိုင်းနဲ့ တောင်အမေရိက (ဘရာဇီး၊ ပီရူး) ဘက်တွေမှာ မိုးခေါင်တာ၊ ပြင်းထန်တဲ့အပူလှိုင်းဒဏ်ခံရတာတွေ အဓိကဖြစ်ပေါ်နိုင်ပါတယ်။

ကျန်းမာရေးထိခိုက်မယ့်အချက် ကာကွယ်ဖို့

အပူဒဏ်ကြောင့် ခန္ဓာကိုယ်ရဲ့ အပူချိန်ထိန်းညှိမှု ပျက်ယွင်းပြီး ကိုယ်အပူချိန် အလွန်မြင့်တက်၊ အသက်အန္တရာယ်ရှိတဲ့ အခြေအနေရောက်သွားနိုင်ပါတယ်။ Heat exhaustion လို့ခေါ်တဲ့အပူဒဏ်ကြောင့် နွမ်းနယ်ခြင်းနဲ့ Heat stroke အပူလျှပ်ခြင်း (ပိုမိုပြင်းထန်ပြီး အသက်အန္တရာယ်ရှိနိုင်တာ)တို့ဟာ ဖြစ်လာတော့မှာပါ။ မှတ်ထားဖို့က Heat stroke ဟာ သာမန်အပူလျှပ်တာထက် ပိုပြင်းထန်တဲ့ အရေးပေါ်အခြေအနေဖြစ်လို့ ကျန်းမာရေးဌာနကို အမြန်ပြေးရပါမယ်။ နေပူပြင်းချိန်မှာ မလိုအပ်ဘဲ အပြင်မထွက်ပါနဲ့။ အပြင်ထွက်ရင် ထီး၊ ဦးထုပ်၊ ၄။ အခန်းထဲမှာ လေအလွန်မခြောက်သွေ့အောင် ရေစုလုံလေး အခန်းထဲထားပေးတာ သို့မဟုတ် နံနက်ပိုင်းပြတင်းပေါက် ခဏဖွင့်ပေးတာမျိုး လုပ်ပေးပါ။

၅။ ပန်ကာသုံးရင်၊ timer နဲ့ ဖွင့်ပါ။ မျက်နှာဘက် လှည့်မဖွင့်ပါနဲ့။

၆။ နေ့လယ် ပူလွန်းချိန် သက်ကြီးများ အပူလျှပ်ခြင်းမဖြစ်အောင် အခန်းအေးအောင်ထားပါ။ မီးမလာလည်း လေဝင်လေထွက်ကောင်းအောင် ပြတင်းပေါက်တွေ ဖွင့်ထားပါ။

၇။ ရေဖြည်းဖြည်း ပုံမှန်သောက်၊ ညမအိပ်မီ ရေတစ်ခွက်လောက်သောက်ပါ။ ဆီးခဏခဏ သွားရတဲ့ ဆီးကျိတ်ရှိနေရင်လည်း ဆရာဝန်နဲ့ သာ တိုင်ပင်ပါ။

၈။ အိပ်ခန်းတံခါး၊ ပြတင်းအနည်းငယ် ဖွင့်ဟထား က ပိုကောင်းပါတယ်။ ဒါမှမဟုတ် နေ့ခင်း လေဝင်လေထွက်ကောင်းစေဖို့ သွေးတိုးသမား တွေ နံနက်ထ သွေးပေါင်ချိန်ဖတ်၊ ဆေးမှန်မှန် သောက်၊ လေဖြတ်လက္ခဏာ (မျက်နှာတစ်ဖက် ကျ၊ လက်ခြေအားနည်း၊ စကားထစ်တာတွေ ကို စစ်ဆေးပေးပါ။) တွေ့ရင် ချက်ချင်းဆေးရုံ အမြန်သွားပါ။

ဘယ်လိုလူတွေ ပိုဂရုစိုက်ရမလဲ

အထူးဂရုစိုက်ရမယ့် သူတွေကတော့ နှလုံး ရောဂါ၊ နှလုံးအားနည်းသူ၊ သွေးတိုး၊ သွေးပေါင်ကျ လွယ်သူ၊ ဆီးချိုရောဂါရှိသူ၊ ကျောက်ကပ်ရောဂါရှိသူ တွေ၊ ပန်းနာရင်ကျပ်နဲ့ အဆုတ်ရောဂါရှိသူတွေနဲ့ အသက်ကြီးသူ၊ ကလေးငယ်၊ ကိုယ်ဝန်ဆောင်သူ၊ အဝလွန်သူ၊ ချွေးအများကြီးထွက်ရတဲ့ အလုပ်လုပ်သူ၊ ဆီးဆေး၊ သွေးပေါင်ကျဆေး၊ ဆီးချိုကျဆေးတွေသောက်နေသူတွေ ပိုဂရုစိုက်ရပါ့မယ်။ ဆေးကို ကိုယ့်သဘောနဲ့ရပဲတာ၊ ပမာဏပြောင်းတာမလုပ်ပါနဲ့။

တစ်ဖက်အားနည်းခြင်း၊ စကားမပီခြင်းဖြစ်ရင် လေဖြတ်တာဖြစ်နိုင်လို့ အရေးပေါ်ဆေးရုံသွားပါ။

နောက် အသက်ကြီးသူ၊ ကိုယ်ဝန်ဆောင်သူတွေမှာ ရေဆာတာကို သတိမထားမိနိုင်သလို ခန္ဓာကိုယ်အပူထိန်းနိုင်စွမ်းလည်း လျော့လာနိုင်တယ်။ ကိုယ်ဝန်ဆောင်သူတွေမှာ ရေဓာတ်ခန်းခြောက်ခြင်းနဲ့ အပူဒဏ်ကြောင့် မူးဝေ၊ နွမ်းနယ်နိုင်ပြီး အန္တရာယ်ပိုရှိနိုင်ပါတယ်။

အိမ်မှာနဲ့ ပြင်ပထွက်ရမယ့်သူနဲ့ ကားအဲကွန်း

အိမ်မှာ အဲကွန်းကို အအေးလွန်ကဲတဲ့ (ဥပမာ-၁၆ ဒီဂရီလောက်) မထားဘဲ ၂၄-၂၆ ဒီဂရီလောက်မှာပဲ ထားပါ။ လေဝင်လေထွက်ကောင်းအောင် လုပ်ပါ။ ကားစီးရင်း ကားထဲမှာ အဲကွန်းကို လွန်လွန်ကဲကဲ အအေးမမြှင့်ပါနဲ့။ အပြင်အပူချိန်နဲ့ ကားတွင်း အပူချိန်ကွာဟချက် အလွန်မကြီးစေနဲ့။ ၅-၇ ဒီဂရီလောက်ပဲ ကွာတာကောင်းတယ်။

နှလုံးရောဂါသမားက အိမ်မှာ အေးတဲ့အခန်းမှာနေ၊ ရေပမာဏကို ဆရာဝန်ညွှန်ကြားချက်အတိုင်း သောက်၊ အပြင်ထွက်ကားစီးရင် နေပူချိန်ရှောင်၊ ရင်ဘတ်အောင့်ရင် ချက်ချင်းအကူအညီယူ၊ ကျောက်ကပ်ရောဂါသမားက အိမ်မှာ ရေနဲ့ ဆား ပမာဏကို သတ်မှတ်ချက်အတိုင်း လိုက်နာရပါမယ်။ အပြင်ထွက်ကားစီးရင် အပူထဲကြောကြောမနေနဲ့၊ မူးဝေလာရင် အေးတဲ့နေရာချက်ချင်းရွှေ့ပါ။ အချိန်မဆိုင်းနဲ့။ ဆီးချိုသမားအရေးကြီးတယ်။ အိမ်မှာ နေရင် သွေးချိုကိုစစ်နေပါ။ ဆေးနဲ့ အင်ဆူလင်ကို သင့်တော်တဲ့အပူချိန်မှာ အဆင်သင့်ထားပါ။ အပြင်ထွက်ကားစီးမယ်ဆိုရင် ရေယူသွား၊ အရေးကြီးတာက သွေးချိုကျလာကဌာနဲ့ အပူဒဏ်လက္ခဏာကို ခွဲသိရပါမယ်။

အိမ်က အခန်းမှာနေရင် ပန်းနာ၊ အဆုတ်ရောဂါ သမားတွေက ဆေးလိပ်မီးခိုး၊ ခြင်ဆေးခွေအနံ့၊ ဖုန်နဲ့ အပူကို ရှောင်ရပါမယ်။ **စာမျက်နှာ ၁၇ သို့ ○**



မင်းဘူးမြို့နယ်၌ အသက်(၂၃)နှစ်အောက် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

မင်းဘူး နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား (၅)မြို့နယ် အသက်(၂၃)နှစ်အောက် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အောက်တိုဘာ ၃၁ ရက်က မင်းဘူးမြို့ ခရိုင်အားကစားကွင်းအတွင်း၌ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စက္၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲနှင့် စေတုတ္တရာ မြို့နယ်တို့မှ ပြိုင်ပွဲဝင်အသင်းများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသမီး သုံးယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် ငဖဲမြို့နယ်အသင်းနှင့် ပွင့်ဖြူမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ငဖဲမြို့နယ်အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ပထမဆုရရှိခဲ့သည်။ အလားတူ အမျိုးသား လေးယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် မင်းဘူးမြို့နယ်အသင်းနှင့် စလင်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စလင်းမြို့နယ်အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ပထမဆုရရှိခဲ့သည်။

မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အမျိုးသား/အမျိုးသမီး တစ်ဦးချင်း အကောင်းဆုံး အားကစားသမား ဆုများနှင့် ပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား ဆုဆွဲပြား၊ ငွေသားဆုနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)





✪ စာမျက်နှာ ၁၆ မှ

အပြင်ထွက်ကားစီးမယ် သူက ရှူဆေးယူသွား၊ ကားထဲမီးခိုးနဲ့ အန္တရာယ်ပြင်းတာတွေရှောင်။ Mask တပ်ပါ။ သွေးတိုး၊ လေဖြတ်ဖူးသူတွေ အိမ်မှာနေရင် ဆေးပုံမှန်သောက်၊ မူးဝေရင် သွေးပေါင်စစ်ပါ။ အပြင်ထွက်ကားစီးမယ်ဆိုရင် ရုတ်တရက် မတ်တတ်ရပ်တာမျိုးရှောင်၊ လက္ခဏာအသစ်ဖြစ်ရင် ဆေးကုသမှုခံဖို့သွားပါ။

အဲကွန်းဘတ်စ်ကားမှ အောက်ဆင်းရင်

စိမ့်အေးနေတဲ့ကားထဲကနေ ပူနေတဲ့ မှတ်တိုင်မှာ ဆင်းရင် ဘာတွေဖြစ်လာနိုင်မလဲဆိုတာ သေချာသိထားရပါမယ်။ ကိုယ်က နေပူထဲကနေ ရွှေးတွေနဲ့ ပူလောင်ပြီး ကားပေါ်တက်လာတယ်၊ အဲကွန်းဖွင့်ထားတဲ့ ကားထဲရောက်တော့ ရုတ်တရက် အေးစိမ့်သွားတယ်။ ပြီးတော့ မှတ်တိုင်ရောက်လို့ ပြန်ဆင်းတဲ့အခါ အပြင်ရဲ့ အပူဒဏ်ကို ရုတ်တရက် ထပ်ခံရတယ်။ ဒီလို "အပူ-အအေး-အပူ" ရုတ်တရက်အကူးအပြောင်းကြောင့် ခန္ဓာကိုယ်က အပူချိန်ကို မထိန်းနိုင်တော့ဘဲ ဖျားနာတာ၊ ခေါင်းကိုက်တာ၊ နှာစေးချောင်းဆိုးတာ၊ ဇက်ကြောတက်တာနဲ့ ကိုယ်လက်ကိုက်ခဲတာတွေ ဖြစ်လာနိုင်တယ်။

သွေးတိုးဆီးချိုသမား၊ လေဖြတ်ဖူးသူ ကားပေါ်တက်ရင်၊ ကားပေါ်က ဆင်းမယ်ဆိုရင် ရေအေသောက်ပါ။ ရေခဲရေ မသောက်ရပါဘူး။ မှတ်ထားဖို့က အပူလွန်ကဲမှုကို ထီး၊ ဦးထုပ်၊ အရိပ်ခိုတာမျိုးနဲ့ ရေများများသောက်ပါ။

အပူအအေး ချက်ချင်းပြောင်းမှုရဲ့ ထိခိုက်မှုတွေ

ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်နဲ့ အပူချိန်ထိန်းညှိမှု စနစ်ကို ရုတ်တရက် ရှော့ခ်ဖြစ်သွားစေတယ်။ သွေးကြောတွေ ရုတ်တရက်ကျဉ်းလိုက်/ကျယ်လိုက် ဖြစ်တာကြောင့် ဦးနှောက်နဲ့ နှလုံးသွေးကြောစနစ်ကို ထိခိုက်စေပြီး မူးမှေတာ၊ လေဖြတ်နိုင်ခြေ မြင့်တာတွေအထိ ဖြစ်စေနိုင်တယ်။

ပူတဲ့နေရာကနေ အေးတဲ့နေရာကို ရုတ်တရက် ဝင်ရင် တချို့သူတွေမှာ မအီမသာဖြစ်တာ၊ ခေါင်းကိုက်တာ၊ သွေးပေါင်ပြောင်းလဲတာ ဖြစ်နိုင်တယ်။ အေးတဲ့လေကို မျက်နှာနဲ့ လည်ပင်းကို တိုက်ရိုက်အကြာကြီး ခံတာက ပန်းနာရင်ကျပ်ရှိသူတွေမှာ လက္ခဏာပိုဆိုးစေနိုင်ပါတယ်။

ကိုယ်ပိုင်ကား၊ ဘတ်စ်ကားနဲ့ တက္ကစီပေါ်က ဆင်းရင် ဘယ်လို ကာကွယ်ရမလဲ

ကိုယ်ပိုင်ကား၊ ဘတ်စ်ကားနဲ့ တက္ကစီကားပေါ်က မဆင်းခင် တစ်မိနစ်၊ နှစ်မိနစ်လောက် အလိုမှာ အဲကွန်းကို ခဏပိတ်တာဖြစ်ဖြစ်၊ လေအေးကို လျှော့ချတာဖြစ်ဖြစ်လုပ်ပြီး ခန္ဓာကိုယ်အပူချိန်ကို အပြင်နဲ့ အနည်းငယ်နီးစပ်အောင် အရင်လုပ်ပါ။ ကားပေါ်က ဆင်းတဲ့အခါ ထီးဆောင်းတာ၊ မျက်နှာသုတ်ပဝါနဲ့ ရွှေးတွေကို အရင်သုတ်တာမျိုးလုပ်ပေးပါ။

ဘတ်စ်ကားပေါ်က ဆင်းခါနီး ရေသောက်ပြီး ခဏနားပါ။ နေပူထဲတန်းမထွက်ဘဲ အမိုးအကာ၊ အရိပ်ရတဲ့နေရာကို ရွှေးပါ။ ထီး၊ ဦးထုပ်ကို အရင်ပြင်ဆင်ပါ။ အပြင်ရောက်တာနဲ့ အမြန်လမ်းလျှောက်တာ၊ လေးလံတဲ့ပစ္စည်းသယ်တာကို ရှောင်ပါ။

မူးဝေနေရင်၊ မဆင်းခင် ယာဉ်မောင်းကို အကူအညီတောင်းပြီး အေးတဲ့နေရာမှာ ရပ်ပြီးမှဆင်းပါ။

ရေစိုအဝတ်နဲ့ လည်ကုပ်၊ လည်ပင်းပွတ်ခြင်း

ရေစိုမျက်နှာသုတ်ဆိုရင်တော့ တကယ်တော့ ယာယီအားဖြင့် အပူသက်သာစေတဲ့နည်းလမ်းကောင်းတစ်ခုပါ။ လည်ကုပ်နဲ့ လည်ပင်းမှာ သွေးကြောကြီးတွေဖြတ်သန်းသွားတာကြောင့် အဲဒီနေရာကို အေးမြစေတဲ့အခါ ဦးနှောက်နဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို ခဏအတွင်းမှာပဲ အေးမြသွားစေပါတယ်။

ဒါက လက်တွေ့အသုံးဝင်တဲ့ အပူလျှော့နည်းတစ်ခုပါ။ ရေစိုအဝတ်က အရေပြားပေါ်က အပူကို စုပ်ယူပေးတယ်။ ရေအငွေ့ပြန်တဲ့အခါ အရေပြားကို အေးစေတယ်။

လည်ပင်းနဲ့ လည်ကုပ်မှာ စိုတဲ့အဝတ်တင်တာက အပူသက်သာစေနိုင်တယ်။ အပူလွန်ကဲပြီး စိတ်ရှုပ်ထွေး၊ သတိလစ်နေသူကိုတော့ ရေဝတ်အဝတ်တင်ရုံနဲ့ မလုံလောက်ပါဘူး။ အရေးပေါ် အကူအညီခေါ်ပြီး ချက်ချင်းအပူချနည်းတွေလုပ်ပေးရပါတယ်။

တက္ကစီ၊ ဘတ်စ်ကားတွေမှာ အဲကွန်းဖွင့်ရင်

ကားသမားတွေကို အဲကွန်းကို တအားကြီး မပြင်းခိုင်းပါနဲ့။ ပြောမရရင် လေထွက်ပေါက်ဝတွေကို ကိုယ့်မျက်နှာတည့်တည့်မလာအောင် လှည့်ထားပါ။

ကြာရှည်စီးရမယ်ဆိုရင် ပါးလွှာတဲ့အင်္ကျီလက်ရှည် ဒါမှမဟုတ် ခြုံစောင်ပါးပါးလေး ဆောင်သွားပြီး အဲကွန်းအေးလွန်းရင် ပခုံးနဲ့ ရင်ဘတ်ကို အုပ်ထားပါ။ အရေးကြီးဆုံးက ဒီလောက်အေးလွန်းတဲ့ ကားပေါ်ကဆင်းရင် အအေး - အပူ ရုတ်ခြည်း ပြောင်းလို့ သိပ်အန္တရာယ်ရှိသွားပါပြီ။

ရေဝဝသောက်ခိုင်းတဲ့အကြောင်း

ဘယ်လိုအကျိုးသက်ရောက်မှုရှိလို့ သောက်ခိုင်းရတာလဲ သိသင့်ပါတယ်။

ချွေးထွက်များလို့ ဆုံးရှုံးသွားတဲ့ ရေဓာတ်နဲ့ ဆားဓာတ်တွေကို ပြန်ဖြည့်ပေးတာပါ။ ရေက ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးတယ်၊ သွေးစေးကပ်မှုကို ကာကွယ်ပေးပြီး ကျောက်ကပ်နဲ့ အင်္ဂါအစိတ်အပိုင်းတွေ ပုံမှန်အလုပ်လုပ်နိုင်ဖို့အတွက် ရေဟာ မရှိမဖြစ် လိုအပ်လို့ပါ။

ကိုယ်ခန္ဓာက ချွေးထွက်ခြင်းအားဖြင့် အပူလျှော့ပါတယ်။ ချွေးနဲ့အတူ ရေနဲ့ဆားဓာတ်လည်း ဆုံးရှုံးပါတယ်။ ရေမလုံလောက်ရင် သွေးလည်ပတ်မှု ပမာဏ လျော့လာနိုင်တယ်။ ဒီတော့ နှလုံးခုန်မြန်၊ မူးဝေ၊ အားနည်းနိုင်တယ်။ ကျောက်ကပ်အပေါ် ဝန်ပိုတက်နိုင်တယ်။

အန္တရာယ်ပိုများလာနိုင်တယ်။ ဒါကြောင့် ပုံမှန် ရေကို မကြာခဏသောက်ပေးတာ ကောင်းပါတယ်။ ချွေးအလွန်ထွက်ရင် ဓာတ်ဆားရည် လိုအပ်နိုင်ပေမယ့် နှလုံးနဲ့ ကျောက်ကပ်ရောဂါရှိသူတွေက ရေပမာဏကို ဆရာဝန်ညွှန်ကြားချက်အတိုင်း လိုက်နာပါ။ ရေကို အချိန်တိုအတွင်း အတင်းအကျပ် အများကြီးမသောက်ပါနဲ့။

ဓီးပျက်တော့ အဲကွန်းဖွင့်မရရင် ဘာလုပ်မလဲ

အိမ်မှာ လေဝင်လေထွက် ကောင်းအောင် ပြတင်းပေါက်တွေ၊ တံခါးတွေ အကုန်ဖွင့်ပါ။ နေထိုင်ရင် ခန်းဆီးစတာပဲရပါမယ်။ လက်ကိုင်ပန်ကာ၊ ဘက်ထရီပန်ကာ ဒါမှမဟုတ် ယပ်တောင်ကိုသာ သုံးပါ။ ကြမ်းပြင်ကို ရေစိုပုဆိုးနဲ့ မကြာခဏ သုတ်ပေးတာက အိမ်တွင်းအပူချိန်ကို လျော့ကျစေတယ်။ ရေအေးအေးနဲ့ မကြာခဏ ရေချိုးပေးပါ။ လေတိုက်တဲ့နေရာမှာနေပါ။

ယားယံအဖုအပိမ့်တွေ ထွက်လာရင်

အပူကြောင့် ချွေးပေါက်ပိတ်ပြီး အဖုသေးသေး လေးတွေ ထွက်တတ်ပါတယ်။ အပူကြောင့် ယားနာ၊ အပူဖု (Prickly Heat) ထွက်တာဆိုရင် Calamine Lotion လိမ်းပေးလို့ရတယ်။ ကရမက်၊ သနပ်ခါးပါးပါးလိမ်းလို့လည်းရပါတယ်။ တကယ်လို့ ယားယံမှု တအားများရင်တော့ ဆရာဝန်နဲ့ပြပြီး Anti-allergic ဆေးတွေ သောက်ရပါတော့မယ်။ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတွေကို ကိုယ့်သဘောနဲ့ မလိမ်းပါနဲ့။

ဒီအချိန် ဘာတွေ စားသင့်သလဲ

ရေဓာတ်ပါတဲ့ အစားအစာ ဖရဲသီး၊ သန္တာသီး၊ လိမ္မော်သီး၊ နာနတ်သီး စတဲ့ရေဓာတ်နဲ့ ဗီတာမင် ကြွယ်ဝတဲ့ အသီးအနှံကိုသာစားပါ။

ဓာတ်ဆားအနေနဲ့ကတော့ ချွေးထွက်များလို့ ဓာတ်ဆားရည် (ORS) ကို သောက်ပေးသင့်ပါတယ်။ ဒါပေမဲ့ ဆီးချိုသမားတွေက ဆရာဝန်တွေကိုမေးမြန်းသင့်ပါတယ်။

ဒီအချိန်မှာ အရက်၊ ဘီယာ၊ ကဖင်းဓာတ်ပါတဲ့ ကော်ဖီနဲ့ အချို့ရည်တွေက ရေဓာတ်ကို ပိုခန်းခြောက်စေလို့ ရှောင်သင့်ပါတယ်။ အလွန်အန္တရာယ်ကြီးပါတယ်။ ။

ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် အသိပေးကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သင်္ဘောဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စျ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကန် ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန် ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံး ဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စာဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်မရောမြို့ရှိ နယ်မြေခံတပ်ရင်းခွဲ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

အမှာစကားပြောကြား

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	မူဆယ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဖျာပုံကော်	ဟားခါး
92 Ron	၄၅၄၀	၄၈၁၅	၄၈၆၅	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၉၀၅	၅၀၂၅	၄၈၆၅	၄၈၀၅	၄၇၀၅	၄၈၆၅	၄၇၀၅	၄၉၃၅
95 Ron	၄၅၉၀	၄၇၄၅	၄၈၆၅	၄၈၀၅	၄၈၅၀	၄၇၆၅	၄၄၀၀	၄၆၂၅	၅၀၄၅	၅၀၀၅	၄၈၆၅	၄၈၀၅	၄၈၀၅	၄၇၄၅	၄၇၄၅	၄၉၀၅
HSD (500 ppm)	၄၄၁၅	၄၆၆၅	၄၆၂၀	၄၄၃၀	၄၆၈၀	၄၆၈၀	၄၅၁၅	၄၆၈၀	-	၄၉၈၀	၄၆၂၀	၅၂၁၅	၄၅၀၅	၄၆၆၅	၄၆၆၅	၄၈၉၅
HSD (50 ppm)	၄၄၀၀	၄၆၃၅	၄၅၉၀	၄၅၉၅	၄၆၆၀	၄၆၈၅	၄၆၆၀	၄၅၆၆	၄၅၃၅	၄၅၆၅	၄၅၉၀	၄၅၀၀	၄၆၀၀	၄၆၈၀	၄၆၃၅	၄၆၃၅
HSD (10 ppm)	၄၄၀၀	၄၆၃၅	၄၅၉၀	၄၅၉၅	၄၆၆၀	၄၆၈၅	၄၆၆၀	၄၅၆၆		၄၅၆၅	၄၅၉၀	၄၅၀၀	၄၆၀၀	၄၆၈၀	၄၆၃၅	၄၆၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၃၃၅
95 Ron	၄၃၆၅	၄၄၀၀
HSD (500 ppm)	၄၃၀၀	၄၃၂၀
HSD (50 ppm)	၄၂၂၀	၄၂၀၅
HSD (10 ppm)	၄၂၂၀	၄၂၀၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၅၉၉၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



တန့်ယန်းမြို့နယ် အောင်တော်မူစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

တန့်ယန်း နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ခရိုင်နှင့် မြို့နယ်တို့မှ ဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းက အောင်တော်မူစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဦးဆောင်ကာ အောင်တော်မူစေတီတော်ရှိ ဘုရားရုပ်ပွားတော်များအား ရောင်တော်ဖွင့်ပူဇော်ခြင်း၊ စေတီတော်ရင်ပြင်တော်အနီးပတ်ဝန်းကျင်တစ်ဝိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)

သုံးရေ ချွေတာသုံးစွဲရေးဆိုင်ရာ နှိုးဆော်ချက်



၁။ အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။
ရေငွေ့ပျံမှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန်
နံနက်စောစော သို့မဟုတ် ညနေနောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ
မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



၂။ မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့်
ဥယျာဉ်မြေလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ်
အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။

သုံးရေ ချွေတာသုံးစွဲရေးဆိုင်ရာ နှိုးဆော်ချက်



၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏
ဥယျာဉ်မြေတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်များကို
ရွေးချယ်စိုက်ပျိုးပါ။



၄။ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း
ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက်
ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ
စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အဂတိလိုက်စားမှု ကင်းရှင်းစေရေး "1111" ကို ဖြေကြားပေးရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဘန်လာနေ့ ၂-၁၁-၂၀၂၆

MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံယမဟာနာယဟအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များ၏ဂုဏ်တော်ဖူးမြော်ခြင်း
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၀ သဘာဝကမ္ဘာထဲက "San"
- ၀၉:၁၀ "ပဲပုတီးနဲ့ဒုံးလေးလေး"
- ၁၀:၀၀ သတင်းထိုးသတင်း
- ၁၀:၃၀ "မြက်နီဝုက်ယွန်ဝုက် မြန်မာ့သုခုမအနုပညာမန်းဆယ်မျိုး"
- ၁၁:၃၀ ဘာသာအနုပညာ "ထေးသံရွှင်ခြင်းနှင့် တေ့ဆိုခြင်း" (အပိုင်း-၂)
- ၁၂:၃၅ မြန်မာစာတော်လမ်းတွဲ "ထော" (The Forest) (အပိုင်း-၆)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာစာတော်လမ်းတွဲ "ဆိုင်" (အပိုင်း-၁၁)
- ၁၅:၁၅ ကုန်းဘုရားရှေ့ဝင်း(ကုန်းဘုရားအတွက် တိုင်းရင်းသားပညာအစီအရဲ)
- ၁၅:၃၀ The Sports Editor's Top Picks Of This Week
- ၁၆:၃၀ ချစ်ဖွားအပျိုယောကျာ်းမယ်
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၃၀ သံစဉ်ပေါ်ကြာစက်မိုးလိုလိုတေးကဗျာ
- ၁၉:၀၀ လွတ်တော်သတင်း
- ၁၉:၁၅ မြန်မာစာတော်လမ်းတွဲ "ထော" (The Forest) (အပိုင်း-၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ လွတ်တော်ရေးရာအစီအစဉ်
- ၂၁:၁၅ သံစဉ်ချိုမြွေမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားစာတော်လမ်းတွဲ(တရုတ်) "သုသမ်ရည်" (အပိုင်း-၃၃)
- ၂၂:၁၅ ရုပ်မြင်သံကြားစာတော်လမ်း

mitv

- 07:01 Evergreen Classic; Myitta (Kyaiwt Kay Khaing)
- 07:07 A Trip to Gyobyu Reservoir (Part-1)
- 07:36 Kay Tu Mar Lar "The Family"
- 07:47 Listening Pleasure, Instrumental Music (Myanmar Harp) Myanmar Shu Khin Myanmar Saite Yin
- 08:01 News
- 08:26 Asia Updates; Home Building
- 08:33 Myanmar Traditional Snacks: Myanmar Doughnut
- 08:37 National Museum (Yangon) (Ep-4)
- 09:01 Swiftlet Birds (Aerodramus Fuciphagus) (Part-II)
- 09:25 Traditional Myanmar Theatrical Performance (Traditional Rakhine, Mon & Kayin Done Yein Dances)
- 09:44 Crickets: Seasonal Delicacy & Job Opportunity
- 10:01 News
- 10:26 Topical Topics; Heat Wave to be aware of

MRTV MRC

- ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀) ချင်းအမျိုးသားဃ်းတောင်လယ်
- ချင်း (ဆျိုး) (၀၇:၀၀ မှ ၀၈:၀၀) ထေးဂက်ဝင်တဲ့ဝဲပုံသီးနှင့်ဝဲပုံရွက်
- မွန် (၀၈:၀၀ မှ ၁၀:၀၀) ချစ်သောဇာတ်ညွှန်မြင်
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း
- ရှမ်း (၁၂:၀၀ မှ ၁၃:၀၀) ရှမ်းတောသာစကားမြေးကြရအောင် (အပိုင်း-၁၄)
- ၀ (၁၃:၀၀ မှ ၁၆:၀၀) "ဝ" ရိုးရာယဉ်ကျေးမှုပြန်
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) ခိုင်ဝါးဘာသာစကားမြေးကြရအောင် (အပိုင်း-၃)
- ကယား (၁၈:၀၀ မှ ၂၀:၀၀) ကယားတိုင်းရင်းသားတို့ခွဲဝေပုံရာဇတောင်ပေါ်ဒေသ
- ၀၆ကကရင် (၂၀:၀၀ မှ ၂၂:၀၀) တောင်ပေါ်သူငယ်ချိုရာဇာင်းလူ
- ဘသောက်ပိုးကရင် (၂၂:၀၀ မှ ၂၂:၀၀) မြန်မာ့ိုးရာလက်မှုပညာ ပုသိမ်ဒီးလုပ်ငန်း
- ဘဆ ပိုးကရင် (၂၂:၀၀ မှ ၂၂:၀၀) တိုလွှာအကြောင်း

MRTV NEWS

- ၀၆:၀၀ အလွှင့်၊ တေးသီချင်း
- ၀၆:၀၅ လူ့ရေပြာရေးအားစာများ
- ၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၀၀ ထူးခြားဆန်းကြယ်လိုက်အစီအရဲ
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၀၀ MRTV National News
- ၁၄:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမုန်းကုတ် (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၈:၃၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၈:၄၅ Listen to the Earth What Causes Volcanic Eruptions ?
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV ENTERTAINMENT

- ၀၉:၃၀ အလွှင့်၊ အလံ
- ၀၉:၃၀ တတိယအကြိမ်ပြည်သူ့လွှတ်တော်တတိယ ပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ တိုက်ရိုက် (Live) ထုတ်လွှင့်မှု
- ၁၃:၃၀ တတိယအကြိမ်အမျိုးသားလွှတ်တော်တတိယ ပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ တိုက်ရိုက် (Live) ထုတ်လွှင့်မှု
- ၁၉:၀၀ လွှတ်တော်သတင်း (၂-၁၁-၂၀၂၆)

MRTV FARMERS

- ၀၆:၀၀ အလွှင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ တောင်သူလယ်ယမားရေးရာသတင်း
- ၀၆:၂၀ "ပြည်တွင်းထုတ်ကုန်ကူးပြောင်းအသုံးစား သေစေါ်ဆွဲခြောက်ပုပ်ငန်း"
- ၀၇:၃၀ မြန်မာ့လယ်ယန်မှတ်စဉ်အား ပေါ်ထွန်းစေခဲ့
- ၀၈:၀၀ "သုတာပဒေသာစိုက်ပျိုးနည်းပညာ လူသားတိုဘဝသောယာရွှေပြိုးစေး ကုန်းမာရေးကိုဦးစားပေး
- ၀၉:၀၀ ငါးပိုးနှံအထွက်တိုးစေရှိသမျိုးမစေနဲ့ခြင်း ပိုက်ကြေးမိုး
- ၁၀:၃၀ ရာသီဥတုတက်ကြီး(ယေမင်း)(တက်ကြီး)
- ၁၁:၃၀ တတိယအကြိမ်အမျိုးသားလွှတ်တော်တတိယ ပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့တိုက်ရိုက်ထုတ်လွှင့်မှု

MRTV SPORTS

- ၀၆:၀၀ အလွှင့်
- ၀၆:၂၀ လူငယ်ကိုအတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary "Frank Ribery"
- ၀၇:၂၅ The Sports Editor's Top Picks Of This Week
- ၀၈:၀၀ (၃၃)ကြိမ်မြောက်အလွှတ်တော်အာရှအားကစား ပြိုင်ပွဲ(ဖျက်ပြိုင်ပွဲ)(ရိုလိုလွှဲ) (Replay)
- ၁၃:၀၀ အားကစားသတင်း

Scan Here



ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ဂုဏ်ချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၀၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၊ ၀၅၈-၂၀၂၅၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၉၁၀၀၂၅၀၂၁

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁၁

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၅-၂၅၂၄၃၃၊ ၀၅၅-၂၅၂၄၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မံသနစ်ခွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မံသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဇၥာအရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

အပူဒဏ်အန္တရာယ်

- ရေဓာတ်ခန်းခြောက်ခြင်း၊
- အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)၊
- အသက်အန္တရာယ်ဖြစ်ခြင်း။



ဆောင်ရွက်ရန် -
- ရေများများသောက်ပါ၊
- အရိပ်ရရှိအေးမြသောနေရာတွင်အနားယူပါ၊
- အပြင်သွားရလျှင် ထီး၊ ဦးထုပ်ဆောင်းပါ၊
- အရက်၊ ဘီယာ၊ ကော်ဖီနှင့် အချို့ရည်လွန်ကဲစွာ သောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။

ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှုကြောင့် မသန့်ရှင်းသောရေနှင့်အစားအစာများမှ ကူးစက်ဖြစ်ပွားနိုင်သောရောဂါများ

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊
- ဝမ်းကိုက်ရောဂါ၊
- အစာအဆိပ်သင့်ခြင်း၊
- တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါများ၊
- အရေပြား /မျက်စိ ရောဂါများ။



ဆောင်ရွက်ရန် -
- ဆူပွက်အောင်ကျိုချက်ထားသောရေ သို့မဟုတ် သန့်စင်ထားသောရေကိုသာ သောက်သုံးပါ၊
- ပူပူနွေးနွေးချက်ပြုတ်စားသောက်ပါ၊ ယင်နားစာများကို မစားပါနှင့်၊
- လက်ကို ဆပ်ပြာနှင့်ရေသုံးပြီး စနစ်တကျ မကြာခဏ ဆေးကြောပါ။

ခြင်ပေါက်ပွားမှုများပြားခြင်းကြောင့် ဖြစ်ပေါ်သောကူးစက်ရောဂါများ

- သွေးလွန်တုပ်ကွေးရောဂါ၊
- ငှက်ဖျားရောဂါနှင့်
- ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ။



ဆောင်ရွက်ရန် -
- ခြင်နှင့်ပိုးလောက်လမ်း ပေါက်ပွားနိုင်သောနေရာများကို ဖယ်ရှားပါ၊
- ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများကို အခဲ့လုံအောင် ဝိတ်ထားပါ၊
- ခြင်ကိုက်ခံရမှုမှ ကာကွယ်နိုင်ရန် ခြင်ထောင်သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာအိပ်စက်ပါ။

ပူပြင်းခြောက်သွေ့မှုကြောင့် တောမီးလောင်ခြင်းနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ

- ဖုန်မှုန့်နှင့် မီးခိုးငွေ့များကြောင့်
- ပန်းနာရင်ကြပ်၊
- တတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း။




ဆောင်ရွက်ရန် -
- ဖုန်မှုန့်နှင့်မီးခိုးငွေ့များပြားချိန်တွင်
  - နာခေါင်းစည်းတပ်ဆင်ပါ၊
  - အိမ်တွင်းလေထုသန့်ရှင်းအောင် ထိန်းသိမ်းပါ၊
- တောမီးအန္တရာယ်သတိပြုပါ။

ရိုးရှင်းပြီး ထိရောက်သည့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလိုက်နာဆောင်ရွက်ပါက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်ခြေကို ထိရောက်စွာလျော့ချနိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)










မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ကြေးမုံစာတည်းအဖွဲ့ ဖော်ပြပေးလျက်ရှိပါသည်။

A Basic Spoken English Course

ယခင်တစ်ပတ်က Lesson 10: Describing people (လူများကို ဖော်ပြခြင်း) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Lesson 11: Describing places (နေရာများကိုဖော်ပြခြင်း) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

Lesson 11: Describing Places

မိမိနေထိုင်ရာမြို့၊ ရွာ၊ ကျောင်း၊ ဈေး၊ ပန်းခြံနှင့် အခြားနေရာများကို အင်္ဂလိပ်လို ရိုးရှင်းစွာ ဖော်ပြပြောဆိုနိုင်စေရန် Describing places အကြောင်းကို လေ့လာမှတ်သားပါ။



Useful Vocabulary (ဝေါဟာရများ)

A. Types of Places

English	Myanmar
city	မြို့ကြီး
town	မြို့ငယ်
village	ရွာ
school	ကျောင်း
hospital	ဆေးရုံ
market	ဈေး
park	ပန်းခြံ
beach	ကမ်းခြေ
museum	ပြတိုက်
pagoda	ဘုရားစေတီ
library	စာကြည့်တိုက်
playground	ကစားကွင်း

Adjectives (နေရာများကို ဖော်ပြသော စကားလုံးများ)

English	Myanmar
beautiful	လှပသော
clean	သန့်ရှင်းသော
dirty	ညစ်ပတ်သော
crowded	လူစည်ကားသော
quiet	တိတ်ဆိတ်သော
peaceful	အေးချမ်းသော
noisy	ဆူညံသော
modern	ခေတ်မီသော
ancient	ရှေးဟောင်းသော
spacious	ကျယ်ဝန်းသော
green	စိမ်းလန်းသော
interesting	စိတ်ဝင်စားဖွယ်ကောင်းသော

FORMULA FOR DESCRIBING PLACES

နေရာတစ်ခုကို အင်္ဂလိပ်လို ဖော်ပြရာတွင် အောက်ပါ Formula (၁၀) ခုကို အသုံးပြုနိုင်ပါတယ်။

1. Name of the Place (နေရာအမည်)

Formula:

- The place I want to describe is + Place.
- My favourite place is + Place.
- I would like to talk about + Place.

Examples:

- The place I want to describe is **Bagan**.
- My favourite place is **Inle Lake**.
- I would like to talk about **my hometown**.

2. Location (တည်နေရာ)

Formula:

- It is located in + Place.
- It is situated in + Place.
- It is in the north/south/east/west of + Place.
- It is about + distance + from + Place.

Examples:

- It is located in **Mandalay Region**.
- It is situated in **the eastern part of Myanmar**.
- It is about **five miles** from **my house**.

3. Size and Appearance (အရွယ်အစားနှင့် အသွင်အပြင်)

Formula:

- It is + adjective.
- It looks + adjective.
- It is a + adjective + place.
- It is famous for + noun / V-ing.

Examples:

- It is **a large and beautiful town**.
- It looks **clean and attractive**.
- It is **a peaceful place**.
- It is famous for **its beautiful scenery**.

4. Surroundings (ပတ်ဝန်းကျင်)

Formula:

- It is surrounded by + noun.
- There is a/an + singular noun + near it.
- There are + plural nouns + around it.
- It is close to + place.

Examples:

- It is surrounded by **green mountains**.
- There is **a river** near it.
- There are **many trees** around it.
- It is close to **the city centre**.

5. Buildings and Facilities (အဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ)

Formula:

- It has + noun.
- There are many + plural nouns.
- You can find + noun + there.
- It is equipped with + noun.

Examples:

- It has **many modern buildings**.
- There are **several schools and hospitals**.
- You can find **many shops there**.
- It is equipped with **modern facilities**.

6. People and Lifestyle (လူများနှင့် နေထိုင်မှုပုံစံ)

Formula:

- The people there are + adjectives.
- Most people work as + occupations.
- People usually + V1.
- They are known for + noun / V-ing.

Examples:

- The people there are **friendly and helpful**.
- Most people work as **farmers**.
- People usually **get up early**.
- They are known for **their hospitality**.

7. Activities (လုပ်ဆောင်နိုင်သောအရာများ)

Formula:

- People can + V1.
- Visitors can enjoy + noun / V-ing.
- It is a good place for + V-ing.
- Many people visit it to + V1.

Examples:

- People can **relax and enjoy nature**.
- Visitors can enjoy **boating**.
- It is a good place for **walking**.
- Many people visit it to **take photographs**.

8. Weather and Atmosphere (ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေ)

Formula:

- The weather is usually + adjective.
- It has a + adjective + climate.
- The atmosphere is + adjective.
- It is especially beautiful during + season.
- Examples:
- The weather is usually **cool and pleasant**.
- It has a **mild** climate.
- The atmosphere is **peaceful and relaxing**.
- It is especially beautiful during **the rainy season**.

9. Personal Feelings (ကိုယ်ပိုင်ခံစားချက်)

Formula:

- I like/love this place because + sentence.
- I feel + adjective + when I visit it.
- My favourite thing about this place is + noun.
- I enjoy + V-ing + there.

Examples:

- I love this place because **it is peaceful**.
- I feel **relaxed** when I visit it.
- My favourite thing about this place is **its natural beauty**.
- I enjoy **spending time** there.

10. Conclusion (နိဂုံးချုပ်)

Formula:

- All in all, it is + adjective.
- In conclusion, it is one of the most + adjective + places.
- I would recommend this place to + person.
- I hope to visit it again.

Examples:

- All in all, it is a **wonderful** place.
- It is one of the most **beautiful** places in Myanmar.
- I would recommend this place to **everyone**.
- I hope to visit it again.

Useful Vocabulary Bank

Category	Words
Size	large, small, spacious, narrow
Appearance	beautiful, attractive, modern, ancient
Environment	clean, green, peaceful, quiet
Population	crowded, busy, lively, quiet
Scenery	wonderful, breathtaking, picturesque
Weather	cool, warm, hot, pleasant
People	friendly, helpful, kind, welcoming

(အလွယ်မှတ်ရန်)

N → L → S → A → S → F → P → W → E → C

1. N – Name
2. L – Location
3. S – Size
4. A – Appearance
5. S – Surroundings
6. F – Facilities
7. P – People and Activities
8. W – Weather
9. E – Experience and Feelings
10. C – Conclusion

အောက်ပါ မြန်မာဝါကျများကို အင်္ဂလိပ်လို ပြန်ဆိုလေ့ကျင့်ပါ။ Formula တစ်ခုစီအတွက် ဝါကျ ငါးကြောင်းစီ ပေးထားပါတယ်။

1. Name of the Place (နေရာအမည်)

1. ကျွန်တော်ဖော်ပြချင်တဲ့နေရာက ပဲခူးမြို့ဖြစ်ပါတယ်။(describe – ဖော်ပြသည်; place – နေရာ; town – မြို့)
2. ကျွန်မအကြိုက်ဆုံးနေရာက ကျွန်မတို့ကျောင်းဖြစ်ပါတယ်။ (favourite – အကြိုက်ဆုံး; school – ကျောင်း)
3. ကျွန်တော်ပြောပြချင်တာက ကျွန်တော်တို့ရွာအကြောင်းဖြစ်ပါတယ်။(talk about – အကြောင်းပြောသည်; village – ရွာ)
4. ကျွန်မအကြိုက်ဆုံးခရီးသွားနေရာက အင်းလေးကန်ဖြစ်ပါတယ်။ (tourist attraction – ခရီးသွားဆွဲဆောင်ရာနေရာ; lake – ကန်)
5. ကျွန်တော်ဖော်ပြချင်တဲ့နေရာက ကျော်ကြားတဲ့ ရွှေတိဂုံစေတီတော်ဖြစ်ပါတယ်။(pagoda – စေတီတော်; famous – ကျော်ကြားသော)

2. Location (တည်နေရာ)

1. ကျွန်တော်တို့မြို့က ပဲခူးတိုင်းဒေသကြီးမှာ တည်ရှိပါတယ်။ (be located in – တွင်တည်ရှိသည်; region – တိုင်းဒေသကြီး)
2. ကျွန်မတို့ကျောင်းက မြို့လယ်ကောင်မှာ တည်ရှိပါတယ်။(be situated in – တွင်တည်ရှိသည်; city centre – မြို့လယ်ကောင်)
3. ကျွန်တော်တို့ရွာက မြစ်တစ်စင်းအနီးမှာ တည်ရှိပါတယ်။(near – အနီး; river – မြစ်)
4. အဲဒီပန်းခြံက ကျွန်တော်တို့အိမ်နဲ့ မနီးမဝေးမှာ ရှိပါတယ်။ (park– ပန်းခြံ; not far from – နှင့် မနီးမဝေး)
5. အဲဒီဘုရားက မန္တလေးမြို့ရဲ့ အရှေ့ဘက်မှာ တည်ရှိပါတယ်။(east – အရှေ့ဘက်; in the eastern part of – ၏ အရှေ့ပိုင်းတွင်)

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာကလပ်ဧရာဝတီအသင်း လက်ရှိချန်ပီယံ မြောက်ကိုရီးယားကလပ်ကို အရေးနိမ့်

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၆ - ၂၀၂၇ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A) ပထမနေ့ကို နိုဝင်ဘာ ၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ပြုလုပ်ရာ မြန်မာကလပ် ဧရာဝတီအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာကလပ် ဧရာဝတီအသင်းသည် အုပ်စုပထမပွဲအဖြစ် လက်ရှိချန်ပီယံ မြောက်ကိုရီးယားကလပ် နာဂိုရန်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး ခုနစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဧရာဝတီအသင်းအနေဖြင့် အိမ်ကွင်း၌ အကောင်းဆုံးတို့ပြန်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ဧရာဝတီအသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးသာပေးရသော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးအထိ ခွင့်ပြုခဲ့ရသည်။



ဧရာဝတီအသင်းနှင့် နာဂိုရန်းအသင်းတို့ ယှဉ်ပြိုင်စဉ်။

ဧရာဝတီအသင်းသည် အငှားခေါ်ယူထားသည့် ကစားသမားများ၊ နိုင်ငံခြားသားကစားသမားများကို ဖြူဖြူဝင်း၊ ဖွန်ယုယဦး၊ အိစန္ဒာဇော်စသည့်ကစားသမားများနှင့် တွဲဖက်အသုံးပြုခဲ့သည်။ ဧရာဝတီအသင်းသည် ပေးဂိုးနည်းရန် အဓိကရည်ရွယ်ကစားခဲ့ရာ ပထမပိုင်းပြီးခါနီးမှ ဂိုးပေးခဲ့ရသည်။ နာဂိုရန်းအသင်းအတွက် ဂိုးများကို ၄၃ မိနစ်တွင် ကုဟွမ်ရီ၊ ၄၅+၁ မိနစ်တွင် ရီယုဂျောင်၊ ၅၂ မိနစ်တွင် ဂျောင်ဂု၊ မိနစ် ၇၀ တွင် ကင်မ်ကျူကျန်၊ ၈၁၊ ၉၀+၆ မိနစ်တွင် ယွန်အေချို၊ ၉၀+၄ မိနစ်တွင် ချိုးအွန်အော့တို့က သွင်းယူသည်။

ဖွန်းလွဲ ၃ နာရီက ကစားသည့် ပထမပွဲတွင် ဂျပန်ကလပ် ကိုဘေးအသင်းက အီရန်ကလပ် ဘမ်ခါတွန်အသင်းကို လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုဒုတိယနေ့ကို နိုဝင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဖွန်းလွဲ ၃ နာရီတွင် မြောက်ကိုရီးယားကလပ် နာဂိုရန်းအသင်းနှင့် အီရန်ကလပ် ဘမ်ခါတွန်အသင်း၊ ည ၇ နာရီတွင် မြန်မာကလပ် ဧရာဝတီအသင်းနှင့် ဂျပန်ကလပ် ကိုဘေးအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - AYWDFC

❖ M-League မှ

Chinland အသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းသော်လည်း အရှုံးဖြင့်ရင်ဆိုင်ခဲ့ရသည်။ ဟံသာဝတီယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးကို ၃၆ မိနစ်တွင် စိုးကျော်ကျော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ဟံသာဝတီယူနိုက်တက်ဂိုးသမား နေလင်းထက်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းယူနိုက်တက် အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဒုတိယမြောက်နိုင်ပွဲအတွက် နှစ်သင်းစလုံး ဂုန်းကန်ခဲ့ပြီး စစ်ကိုင်းယူနိုက်တက်အသင်း နိုင်ပွဲရယူနိုင်ခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် ကွမ်နင်၊ ၈၇ မိနစ်တွင် စည်သူဖြိုးတို့က သွင်းယူပြီး သစ္စာအားမာန်အသင်းအတွက် ချောဂိုးတစ်ဂိုးကို မိနစ် ၉၀ တွင် ရဲကောင်းဆက်က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို စစ်ကိုင်းယူနိုက်တက်ဂိုးသမား အောင်ကိုလတ်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

ပွဲစဉ်(၆)အပြီးတွင် ရန်ကုန်စီးတီးအသင်းက ရမ္မတ် ၁၄ မှတ်ဖြင့် ထိပ်ဆုံးရောက်လာပြီး ဒဂုံစတားယူနိုက်တက်အသင်းက ၁၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းက ၁၀ မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းက ကိုးမှတ်၊ အား/ကာသိပ္ပံအသင်း၊ ဟံသာဝတီယူနိုက်တက်၊ စစ်ကိုင်းယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ သစ္စာအားမာန်အသင်းက ငါးမှတ်၊ Chinland အသင်းက လေးမှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက သုံးမှတ်၊ မြဝတီအသင်းက တစ်မှတ် ရရှိထားသည်။ ယင်းအသင်းများအနက် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းက လေးပွဲစီ၊ အား/ကာသိပ္ပံ၊ ဟံသာဝတီယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်နှင့် မြဝတီအသင်းတို့က ငါးပွဲစီသာကစားရသေးပြီး ကျန်အသင်းများမှာ ခြောက်ပွဲစီကစားထားပြီးဖြစ်သည်။ သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MLeague

✳ MFF မှ

ပွဲစဉ်(၁၆)တွင် Pacific Sun Far အသင်းက ဘူရိုဒိုအသင်းကို ကိုးဂိုး-ငါးဂိုး၊ FFU မင်းမဟော်အသင်းက Jullniss အသင်းကို ခြောက်ဂိုး - သုံးဂိုး၊ SGF Youth အသင်းက United City အသင်းကို လေးဂိုး - ဂိုးမရှိ၊ Victoria အသင်းက Mahar Burma အသင်းကို ခြောက်ဂိုး - သုံးဂိုးဖြင့်အနိုင်ရရှိပြီး Avengers Junior အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း သုံးဂိုးစီ သရေ၊ မာရိန်းအသင်းနှင့် TKA Star အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ်(၁၆)အပြီးတွင် Victoria နှင့် SGF Youth အသင်းတို့ ၄၁ မှတ်စီ၊ Mahar Burma အသင်းက ၃၁ မှတ်၊ FFU မင်းမဟော်အသင်းနှင့် Pacific Sun Far အသင်းက ၂၉ မှတ်စီ၊ United City အသင်းနှင့် Avengers Junior အသင်းက ၂၄ မှတ်၊ Jullniss အသင်းက ၂၁ မှတ်၊ TKA Star အသင်းက ၁၉ မှတ်၊ ဘူရိုဒိုအသင်းက ၁၀ မှတ်၊ ရွှေပြည်သာယူနိုက်တက် အသင်းနှင့် မာရိန်းအသင်းက လေးမှတ်စီရရှိထားသည်။

သတင်း - ရွှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF



SGF Youth အသင်းနှင့် United City အသင်းတို့ ယှဉ်ပြိုင်စဉ်။

✳ M-League II မှ

နိုင်ပွဲမရသေးပေ။ တက္ကသိုလ်အသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် ရှိုင်းထက်အောင်-၂၊ မိနစ် ၂၀ တွင် ဝင်းဝင်းထွန်း၊ ၅၉ မိနစ်တွင် မိုင်းသူခေါင်၊ ၈၆ မိနစ်တွင် အောင်မြင့်မြတ်တို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို တက္ကသိုလ်အသင်းမှ အောင်မြင့်မြတ်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ်(၃)အပြီးတွင် တက္ကသိုလ်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ကိုးမှတ်စီ၊ VUE နေပြည်တော်အသင်းက ခုနစ်မှတ်၊ Junior Lions အသင်းက ခြောက်မှတ်၊ ရှိုင်ရယ်ဒဂုံအသင်းနှင့် ရာမည်ယူနိုက်တက်အသင်းက ငါးမှတ်စီ၊ မနော်အသင်းက တစ်မှတ်ရထားပြီး Asia Lion အသင်း၊ Enjoy Brother အသင်းနှင့် Elite Kings အသင်းတို့က သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - MLeague

❍ ၂၀၂၆ မှ

သဃ်ိန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသားအမျိုးသမီး စနူကာ 6-Red၊ 9 Ball Pool နှင့် ဘိလိယက်ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 6-Red ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ မြသက်မှူးက ကချင်ပြည်နယ်အသင်းမှ နှင်းပြည့်ပြည့်ကို ရလဒ် ၃ ပွဲ - ၂ ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သက်နှင်းဝေကို ရလဒ် ၃ ပွဲ - ၂ ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အေမီအောင်က မန္တလေးတိုင်းဒေသကြီးအသင်းမှ မျိုးမြတ်သူကို ရလဒ် ၃ ပွဲ - ပွဲမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဖြူစင်အောင်က မွန်ပြည်နယ်အသင်းမှ ဝေယင်လွှင်ကို ရလဒ် ၃ ပွဲ - ပွဲမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ အေးအေးမြတ်က မွန်ပြည်နယ်အသင်းမှ နှင်းအိအိရွှေကို ရလဒ် ၃ ပွဲ - ပွဲမရှိဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဆုပြည့်စုံက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ရွှေရည်ဦးကို ရလဒ် ၃ ပွဲ - ပွဲမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသားပြိုင်ပွဲ ပွဲစဉ်အဖြစ် 9 Ball Pool ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ အောင်မြင့်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျော်ဇင်သန့်ကို ရလဒ် ၇ ပွဲ - ၄ ပွဲဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ လွင်မိုးဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ကောင်းပြည့်ကြွယ်ကို ရလဒ် ၇ ပွဲ - ၃ ပွဲ ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ နေမင်းထွန်းက မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်ဝေယံစိုးကို ရလဒ် ၇ ပွဲ - ၂ ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းကွမ်းမိုင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မျိုးသူရအောင်ကို ရလဒ် ၇ ပွဲ - ၄ ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းစုံစိုင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရာဇာဟန်ကို ရလဒ် ၇ ပွဲ - ၁ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဇိုးက မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ဦးကို ရလဒ် ၇ ပွဲ - ၅ ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခန့်မင်းထွန်းက ကရင်ပြည်နယ်အသင်းမှ ခွန်ရဝေထွဋ်ကို ရလဒ် ၇ ပွဲ - ၆ ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သန်းထွန်းအောင်က ကချင်ပြည်နယ်အသင်းမှ မိုးဝင်းကို ရလဒ် ၇ ပွဲ - ၃ ပွဲဖြင့်လည်းကောင်း၊ ဘိလိယက်ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ အဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမြန်မပြိုင်ပွဲ၏ စံချိန် ၇၆ ကီလိုထက်ကျော်လွန်၍ ၈၀ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၉၉ ကီလိုထက်ကျော်လွန်၍ ၁၀၃ ကီလိုဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၁၇၂ ကီလိုထက် ကျော်လွန်၍ ၁၇၉ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

အလားတူ အမျိုးသား ၇၀ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေလွင်ဖြိုးသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမြန်မ စံချိန် ၁၀၆ ကီလိုထက်ကျော်လွန်၍ ၁၁၃ ကီလိုဖြင့် လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၁၃၂ ကီလိုဖြင့် လည်းကောင်း အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၂၃၆ ကီလိုထက်ကျော်လွန်၍ ၂၄၉ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

အားကစားမြွှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ပိုင်းရုပ်စိပ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ) ကူးစက်ခြင်း မရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါ ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး အတွက် အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု မြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင် အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသော ခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက် ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်း သတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာ ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ဟင်္သာတအသင်း

ကာလဒါနဓြတ်ပုညပေါင်းစုပြုကြမယ်၊ ဟင်္သာတနွယ်ဖွား အပေါင်းတို့ ဇာတိမြေ ဟင်္သာတတွင် (၂၄)ကြိမ်မြောက် ကထိန် သင်္ကန်းကပ်လှူငွေကို အောင်သုခဒါ ယိကမ္မဋ္ဌာန်းကျောင်းတိုက်၌ လည်းကောင်း၊ အဘိ ဓမ္မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇဝွဲ့တံဆိပ်ထောက်ရ ဆရာတော်ကြီး(၃) ပါးနှင့် သီလရှင်ဆရာကြီး (၁)ပါးတို့အား ဂုဏ်ယူဓေါ်ခြင်းနှင့် ဟင်္သာတမြို့၊ ပရိယတ္တိသာသနာ့ဝပါလက စာပြန့်ပွတွင် စာချ၊ စာဖြေ၊ စာအောင် သံဃာတော်များအတွက် နဝကမ္မဝတ္ထုဒွေ လှူဒါန်းခြင်းများကို ၂၀၂၆၊ နိုဝင်ဘာလ (၇/၈)ရက်နေ့မှစ၍ ဟင်္သာတမြို့ဦ ကျင်းပ မည်ဖြစ်ပါ၍ ဟင်္သာတနွယ်ဖွားများအား ကာလဒါနဓြတ်ပုည အဖြစ် ပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော် တိုက်တွန်းအပ်ပါသည်။ အလှူငွေများကို ဟင်္သာတအသင်းရုံး ဖုန်း ၀၁-၈၃၉၈၇၃နှင့် ရုံးအဖွဲ့ ဖုန်း-၀၉-၂၅၀၆၂၆၆၈၈ သို့ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

